# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၁ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၁ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ် စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက် အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေစုစုပေါင်း (၂၁၈) ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၀)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၆.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအ ဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့် ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၁ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြား ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြား ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တို င်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုသည် ဘန်ကောက်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူမည့် သားဖြစ်သူအား လိုက်ပါစောင့်ရှောက်ရပါသဖြင့် ၅ - ၉ - ၂၀၁၁ မှ ၇ - ၉ -၂၀၁၁ အထိ ခွင့်(၃)ရက်၊ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိသည်ကို ခွင့် ပြုပေး နိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှ တ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယုက ဦးနု ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု၏ ၅ - ၉ - ၂၀၁၁ မှ ၇ - ၉ - ၂၀၁၁ အထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောတူညီချက် ရယူမှာဖြစ်ပါတယ်။ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၄။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းသည် နေမကောင်း၍ ကျန်းမာရေးဆေးကုသမှု ခံယူရန် ရှိပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်မှ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့အထိ အမျိုးသားလွှတ်တော်သို့ မတက်ရောက်နိုင်ပါသဖြင့်ခွင့်ပေးနိုင်ပါရန် ဦးဉာဏ်လင်း၏ ကိုယ်စား ရှမ်းပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းဝင်းမောင်မှ လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ၏ စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ခွင့် ပန်ကြားချက်ကို လွှတ်တော်ရဲ့သဘောတူညီချက် ရယူမှာဖြစ်ပါတယ်။ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင် ့ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းမှာ ကုတင် ၁၀၀၀ ဆေးရုံကြီးတွင် တက်ရောက် ကုသနေရာ ဆရာ ဝန်ကြီးမှ ဆက်လက်ကုသရန်လိုအပ်နေ ပါ၍ ဆေးရုံမှဆင်းခွင့် မရသေးပါ။ သို့ပါ၍ ဦးမောင်အေးထွန်းအား ၅-၉-၂၀၁၁ ရက်နေ့မှ ၆-၉-၂၀၁၁ ရက်ထိ ခွင့် (၂)ရက် ပေးနိုင် ပါရန် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်လှိုင်မှ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းရဲ့ ၅-၉-၂၀၁၁ ရက်မှ ၆-၉-၂၀၁၁ ရက်ထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲအတွက်ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်သည် နိုင်ငံတော်ဒုတိယ သမ္မတ၏ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရီးစဉ်တွင် လိုအပ်သော တင်ပြမှုများ ဆောင်ရွက်နိုင်ရန် အတွက် ၅-၉-၂၀၁၁ ရက်နေ့မှ ၇-၉-၂၀၁၁ ရက်နေ့ထိ လွှတ်တော်အစည်းအဝေး တက်ရောက် ခြင်းမှ ကင်းလွှတ်ခွင့်ပြုပါရန် ဦးရှုမောင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်း ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင်ရဲ့ ၅-၉-၂၀၁၁ ရက် မှ ၇-၉-၂၀၁၁ ရက်အထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက်ခွင့်ပြုကြောင်းကြေညာပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိ ယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထား

သူ (၄)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်ပြီး အမျိုးသားလွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေ ရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေး နွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၉။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်ပြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍ

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက်ဆိုတဲ့ အဆိုပြုချက်ကို ရန်ကုန်တိုင်း မဲဆန္ဒနယ် အမှတ်(၉)က ကျွန်တော် ဒေါက်တာခင်ရွှေမှ ထောက်ခံတင်ပြသွားမှာ ဖြစ် ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သတ္တုဟာ တစ်ပြည်လုံးအတိုင်းအတာနဲ့ ရှိပါတယ်။ ကျောက်စိမ်း တစ်ခုတည်း လည်းမဟုတ်ပါဘူး။ စိန်ကအစ ရွှေ ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား အကုန်လုံးခဲတို့၊ ဂေါ်တန်တို့၊ သွပ်တို့၊ ကြေးနီတို့ ခနောက်စိမ်းတို့ကအစ မဂ္ဂနီ၊ ခဲမဖြူ အဖြိုက်နက်ကအစ တ စ်ပြည်လုံး အတိုင်းအတာရှိပါတယ်။ တစ်နေ့က ဦးနေ ဝင်းထွန်းတို့ တင်ပြသွားတဲ့ ကျောက်စိမ်း ကျွန်တော် မော်လမြိုင်က လာပါတယ်။ ကျွန်တော့်အနေနဲ့ နားထောင်လိုက်တာ ပီတိလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကျောက်စိ မ်းကထွက်လာတဲ့ နိုင်ငံတော်အတွက် ဝင်ငွေရော နောက် ပုဂ္ဂလိကတစ်ဦးချင်း ချမ်း သာမှုရော အားလည်းကျပါတယ်။ အဲဒီနေရာဟာ ဘာကြောင့် အခုမှ တူးနိုင်လဲဆိုတော့ ငြိမ်းချမ်းလို့တူးနိုင်တာပါ။ ကျွန်တော် မော်လမြိုင်မှာ ငယ်ငယ်ကလေးတည်း က နေပါတယ်။ မော်လမြိုင်နဲ့ ရန်ကုန်ဆို ကျွန်တော်တို့ငယ်ငယ်တုန်းကဆို သွားလို့မရပါဘူး။ နေ့ဘက်တောင်သွားလို့မရပါဘူး။ ပြန်ပေး၊ ဓားပြ၊ သူပုန်၊ သောင်းကျန်းသူ အကုန်လုံးရှိပါတယ်။ အခုမှ ကျွန်တော်တို့ တပ်မတော်အစိုးရ တက်လာပြီးတော့မှ အေးချမ်းတော့မှ နေ့ရောညရော သွားနိုင်တဲ့ အကျိုးကျေးဇူးရတဲ့အတွက်ကြောင့် ခုနကလို ကျောက်စိမ်းတွေလည်း တူးနိုင်ပါတယ်။ နောက်တစ်ခါ တစ်ပြည်လုံးအတိုင်းအတာနဲ့လည်း စီးပွားရေးဖွံ့ဖြိုး သွားတဲ့အတွက်ကြောင့် ပထမဦးဆုံး ကျေးဇူးတင်ရမှာကတော့ တပ်မတော်အစိုးရကြီး ဖြစ်ပါတယ်။ နောက် ကျွန်တော့် အနေနဲ့ တ စ်ဖက်ကစိတ်မကောင်းတာက ကျွန်တော်တို့ရဲ့ ညီအစ်ကို မောင်နှမများဖြစ်တဲ့ ဥပမာ မွန်တို့၊ ကရင်တို့၊ တနင်္သာရီတို့မှာနေတဲ့ ညီအစ်ကိုမောင်နှမများ ဖြစ်တဲ့ ခုနက ကရင် အပါအဝင် ပေါ့လေ။ တိုင်း ရင်းသားတွေအတွက် စိတ်မကောင်းဖြစ်မိပါတယ် ။ ဘာကြောင့်လဲ ဆိုတော့ တစ်ဖက်က ဖားကန့်ဧရိယာ ကျွန်တော် မရောက်ဖူးပါဘူး။ ဒါအေးချ မ်းသွားလို့ တူး လို့ရတာ။ ကျွန်တော်တို့ မွန်တို့ ကရ င်တို့ ကျွန်တော်တို့ ဒီဘက်ဧရိယာ အကုန်မှာလည်း စိန်ကအစ ရွှေက အစ အကုန်ရှိပေမယ့် ကျွန်တော်တို့ တူးခွင် ့မရခဲ့ဘူး။ နှစ်ပေါင်းများစွာ ဒီကနေ့ အထိလည်း တူးခွင့်မရခဲ့ဘူး။ ဘာကြောင့်လည်းဆိုတော့ လက်နက်ကိုင် အထက်မြန်မာပြည်ဟာ ငြိမ်းချမ်း သွားပေမယ့် ကျွန်တော်တို့ဆီမှာ KNUတို့၊ ကျန်တဲ့ DKBA တို့အပါအဝင်ပေါ့။ ရှိနေတဲ့အခါကျ တော့ နိုင်ငံတော်ကလည်း အဲဒီကခွင် ့ပြုချက်တွေ ချမပေးတဲ့အခါမှာ ကျွန်တော်တို့ မြေကြီး အောက်မှာရှိတဲ့ သယံဇာတတွေတစ်ခုမှ တူးဖော်လို့မရခဲ့ဘူး။ တိုက်နေကြရင်းနဲ့ ကျွန်တော်တို့ရဲ့ အမျိုးတွေပေါ့။ တိုင်းရင်းသားအမျိုးတွေ တော်တော်များများ နယ်စပ်က ဒုက္ခသည်စခန်းမှာ နေပြီး

တော့ ဆင်းရဲသားဒုက္ခသည်စခန်း အမည်ခံပြီးတော့ သူတို့ပေးစာကမ်းစာ တွေတောင်းပြီးတော့ ထိုင်ပြီးတော့ စောင့်နေရတဲ့အဆင့်မျိုး ရောက်နေတာကို ဝမ်းနည်းစွာတွေ့ရှိ ရပါတယ်။ တကယ် တမ်းကျတော့ ကျွန်တော်တို့ နိုင်ငံလောက် သယံဇာတပေါတာ ကမ္ဘာမှာ မရှိပါဘူး။ ကျွန်တော် တွေ့တိုင်း ဥပမာ ဂျပန်တို့ နိုင်ငံတကာက ပြောတာ၊ မ င်းတို့ တိုင်းပြည်က Rich Country အင်မတန် ချမ်းသာတဲ့နိုင်ငံ Poor People လူကတော့ဆင်းရဲနေပါတယ်။ တကယ်တော့ ဂျပန်က ဘာသယံဇာတမှမရှိဘူး။ ဒီနေ့ ချမ်းသာသွားတယ်။ စက်ာပူဆို ဘာတစ်ပင်မှလည်းမစိုက်နိုင်ဘူး။ ဘာမှလည်းမထွက်ဘူး။ ဒီနေ့ချမ်းသာ နေတဲ့ အနေအထား မျိုးရှိတယ်။ ကျွန်တော်တို့မှာက ကျွန်တော်တို့ တိုင်းရင်းသားတွေ တစ်ယောက်နှင့် တစ်ယောက် ဥပမာ ၁၉၄၈ ကစပြီးတော့ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ရောင်စုံ ခုနက လက်နက်ကိုင်ပြီး စွဲကိုင်နေတယ် ။ အမြင်တွေက တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ ကမ္ဘာကြီးတစ်ခုလုံး မှာ ကျွန်တော်တို့ နိုင်ငံလေးတစ်နိုင်ငံလေး ရှိတာမဟုတ်ဘူး။ ဒါလည်း ကျွန်တော် အမြဲတမ်းတင်ပြတာရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ရေမြေသဘာ ဝကိုက တောင်တွေ ၊ တောတွေ၊ မြစ်တွေ ရှိနေ တယ်။ အဲဒီအောက်မှာလည်း တော င်တွေ၊ တောတွေ မှာဆိုလည်း အပင်တွေများကြီးရှိတယ်။ သစ်ပင် (၃)ပင်လောက်ခုတ်မှ ဒေါ်လာလေး (၃၀၀) လောက်ရတယ်။ ဒီနေ့ဆိုရင် Export ကြည့်လိုက်ရင် သဘော်ာတွေထွက်သွားရင် ကျွန်တော်တို့ ဆီက သစ်ပဲအဓိကထွက်တယ်။ အပင်ကြီး(၃)ပင်လောက် ခုတ်မှ ဒေါ်လာလေး (၃၀၀)ရတယ်။ ဟိုတစ်လောက သတ္တုက ကျောက်စိမ်းလေးတစ်မျိုး၊ အမျိုးပေါင်း ကျွန်တော့်တို့ဆီမှာ (၁၀၀)လောက် ရှိပါတယ်။ သယံဇာတတွေ တစ်မျိုးလေး ရောင်းလိုက်ရုံနဲ့ (၁.၄) ဘီလီယံတို့ (၁.၇)ဘီလီယံတို့ အားကျစရာတွေ အဲဒီက ဆက်သွယ်ပြီး တော့ ရန်ကုန်မှာအထိ စီးပွားရေးတွေ အများကြီးဖွံ့ဖြိုး သွားတဲ့ အနေအထားမျိုးသွားတွေ့တယ်။ အဲတော့ ဒီနေ့ပြောရလို့ရှိရင်တော့ သတ္တုကဏ္ဍ Rich Country အများကြီး၊ ဘယ်နေရာ ကြည့်ကြည့် သတ္တုတွေအများကြီး ရှိတယ်။ ဥပမာပြောရင် တနင်္သာရီတိုင်း တစ်ခုတည်းမှာ တင် Survey D 3 အရ လုပ်တဲ့အရကို ခဲဆို လို့ရှိရင် သန်းပေါင်း ၈၀၀၀၀ ကျော်ရှိတယ်လို့ Survey လုပ်ထားတာတွေ့ရတယ်။ ကျွန်တော်တို့ အရင်တုန်းကဆိုလို့ ရှိရင် ခဲတစ်တန်မှာ တစ်ထောင် ဒီနေ့ဆိုရင် ခဲတစ်တန်ကို တစ်သောင်း ကျော် ရှိပြီး ဆိုတော့ ဘီလီယံပေါင်း ၈ သောင်းကျော်ဆိုတဲ့ amount ကြီးကို ကျွန်တော်တို့ ဆွဲထုတ်လို့ ရတဲ့အခါကျတော့ နှမြောစရာကြီး ထိလို့တောင် မရဘူး။ ကျွန်တော်တို့ အောက်ထဲမှာရှိတယ်။ နောက်တစ်ခုက အဲဒီကနေကျလာတဲ့ နှစ်ပေါ င်း များစွာ ရာနဲ့ထောင်နဲ့ချီပြီး ကျလာတဲ့ ခဲတွေ၊ ကျွန်တော်တို့ ပင်လယ်စပ်မှာ အတုံးလိုက်

အတုံးလိုက်တွေ အောက်ကိုမိုးရေနဲ့ ကျပြီး ဆင်းလာတယ်။ ဘယ်လိုမှ တူးဖော်လို့မရဘူး။ အဲဒါကလည်း အပွင့်လင်းဆုံးပြောရင် ကျွ န်တော်တို့ဆီက သတ္တုဝန်ကြီးဌာနကပဲ အကုန်လုံးလုပ်ပေမယ့် တစ်ဖက်က (Infrastructure) ဆိုတဲ့ ဌာနတွေ အများကြီး ညှိရတယ်။ ဥပမာ ကျွန်တော် အဲဒီခဲကို ကျွန်တော်က သတ္တုစီးပွားရေး ကျွန်တော့် စီးပွားရေး မ ဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီ Off-Shore ထဲက သတ္တုကို ယူဖို့အတွက်ကို ရေဦးစီးချုပ်ညှိ ရတယ်။ နောက်တနင်္သာရီတိုင်း ညှိရမယ်။ နော က် ပြည်ထဲရေးညှိရမယ်။ နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညှိရမယ်။ နိုင်ငံခြားရေး ဝန်ကြီးဌာန ညှိရမယ်။ နောက် အကြိမ်ပေါင်းများစွာ နောက်ရှိပြီးသား သတ္တု တွင်းဝန်ကြီးဌာနဥ္စကိုက On-show ဒါကြီးကို Survey ပေးလိုက်တယ် တစ်နှစ်။ တွက်ချက် ပြီးတော့မှ ပြန်တင်၊ တင်တဲ့အပေါ်မှာ မူတည်ပြီး ဘာကြောင့် သတ္တုတွင်း ဝန်ကြီးဌာနက ဒီလို လုပ်လဲဆိုတော့ လူတွေမယုံရတဲ့ အနေအထားမျိုးတွေက အများကြီး၊ ထွက်တာကတခြား၊ ရတာကတခြား၊ နိုင်ငံတော်အခွန် ပေးတာကတခြား၊ မသမာမှုတွေလည်း အများကြီးရှိတယ်။ အဲဒီအပေါ်မှာလည်း ကျွ န်တော်ကြားနေပါတယ်။ ဒီနေရာကနေ ကျွန်တော်အခု ကျွန်တော်တို့ရဲ့ အစိုးရလက်ထက်မှာဖြစ်လာတဲ့ သတ္တုတွင်း ဝန်ကြီးကို ကျွန်တော် Appreciate လုပ်ပါတယ်။ တောက်လျှောက်အဆင့်နဲ့ သတ္တုတွေသွားတယ်။ တကယ်လုပ်တဲ့သူ တကယ်ပေးတယ်။ တကယ်မလုပ်တဲ့သူ တကယ် မပေးဘူး။ ပြန်သိမ်းတာတွေလည်း ကျွန်တော် ကြားနေရတယ်။ နောက်တစ်ခါ ရွှေနဲ့ပတ်သက်လို့လည်း ဒီအတိုင်းပဲ။ ဟိုတုန်းကဆို လုပ်ပြီးမှတူး။ လုပ်ပြီးမှ နိုင်ငံတော်ပေး ။ နှစ်ကျပ်သားနှုန်း ဆိုတာကြားပါတယ်။ ကျွန်တော့်လုပ်ငန်း မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တိုက် ရိုက် မသိပေမယ့် ပေးချင်တဲ့သူကပေး။ မပေးချင်တဲ့သူကမပေး။ နိုင်ငံ တော်ဘဏ္ဍာရေးက အများကြီး နစ်နာခဲ့တယ်။ အခု ဒီဝန်ကြီးလက်ထက်မှာမှ ကြိုတင်ပေး၊ တစ်နှစ်စာပေး၊ မပေးနိုင်ရင် မတူးနဲ့ ကျွန်တော်တို့ တချို့ကလည်း အဲဒီလောက်လုပ်မှပဲ တော်ရုံကျတဲ့အနေအထား မျိုး၊ နောက်ပြတဲ့ စာရင်းကတစ်မျိုး၊ ထွက်လာတာကတစ်မျိုး၊ နိုင်ငံတော်အပ်တာက တစ်မျိုး ဖြစ်နေတဲ့အတွက်ကြောင့် ဒီနေ့ ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့ တစ်ပြည်လုံးအတိုင်းအတာနဲ့ သတ္တုရှိပေမယ့် တကယ်တမ်း ဒီကျောက်စိမ်းလေး တစ်ခုပဲ ထွက်နေတာကိုတွေ့နေရတယ်။ ကျောက်စိမ်းတစ်ခုထဲမဟုတ်ပါဘူး။ တစ်ပြည်လုံး အပြည့်ရှိတယ်။ ကျွန်တော်တို့ဆီမှာလည်း Data တွေရော အကုန်လုံး အပြည့်ရှိပါတယ်။ အဲဒါကြီးကို ခုနလိုရှုတ်ထွေးနေတဲ့ Constitutionပေါ့လေ။ တူးလို့ရတဲ့ ရှုပ်ထွေးနေတာလေးတွေကို ဝန်ကြီးဌာနကလည်း ရှင်းပြီးတော့ ဝန်ကြီးဌာန မှာပဲ One Stop Service ပုံစံနဲ့

ဥပမာ ဒီကျောက်တူးမယ် ဒီမိုင်းတူးမယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနကပဲ ရေတပ်နဲ့ညှိတာတို့ ခုနတုန်းက ကုန်းဖက်က တိုင်းနှင့် ပြည်နယ်နဲ့ညှိတာတို့ အကုန်လု ပ်ပေးမယ်ဆိုရင်တော့ အကုန်လုံးတူးနိုင်မယ်။ နောက်တစ်ခုက ကျွန်တော်တို့ အမျိုးတွေ၊ တိုင်းရင်းသားတွေ အခုဘာလို့ ဒီလက်နက်တွေနဲ့ တိုက်ပြီးတော့ ကျွန်တော်တို့ ကိုယ့် ရဲ့ဆွေမျိုးတွေ ဒုက္ခသည်စခန်းမှာ ပြည်ပမှာသွားနေမလဲ။ ကျွန်တော်တို့ ဒီဖက်ခြမ်းမှာတင် လုပ်စရာတွေကအများကြီး အကုန် လုံး ချမ်းသာသွားမယ်။ ချက်ချင်းလက်ငင်း ကို ဘယ်လို တူးတူး ဘယ်လိုနည်းနဲ့ပဲလုပ်လုပ် ချမ်းသာ သွားမယ်။ ကျွန်တော်တို့ ဆီလောက် သယံဇာတပေါတာမရှိဘူး။ နောက် စက်မှုကုန်ကြမ်းတွေရော ကျွန်တော်တို့ဆီမှာရှိတဲ့ အလှဆင်တာတွေရော အများကြီးရှိ ပါတယ်။ ဥပမာတစ်ခု ကျွန်တော် တင်ပြရရင် Lime Stone အများကြီး ရှိတယ်။ ဘိလပ်မြေ ဒီနေ့ မြန်မာနိုင်ငံမှာ သုံးနေတာ ၆ သန်းသုံးတယ်။ ထွက်တာ ၂ သန်း ပတ်ဝန်းကျင်လောက်ပဲ ထွက်တယ်။ စင်ကာပူမှာ Lime Stone လုံးဝမရှိဘူး။ တစ်နှစ်ကို ဆယ်သန်းကျော်ထွက်တယ်။ Clinker ဆိုတာ ဗီယက်နမ်က ဝယ်လိုက်၊ အင်ဒိုနီးရှားက ဝယ်လိုက်၊ ထိုင်းက ဝယ်လိုက် Clinker ယူပြီးကြိတ်တယ်။ သူ့ပြည်တွင်းမှာ ဆယ်သန်းထွက်တယ်။ ကျွ န်တော်တို့ဆီမှာ ကြည့်လိုက်ရင် Lime Stone တောင်တွေ အများကြီးရှိရဲ့သားနဲ့ ဒီနေ့ ကျွန်တော်တို့ ဘိလပ်မြေ ဝယ်သုံးနေရတာ တစ်တန်ကို တစ်ရာနဲ့ ဝယ်သုံးရတယ်။ အပြင်မှာ တစ်တန် ကို ၄၀ ပတ်ဝန်းကျင်လောက်ပဲရှိတယ်။ နှစ်ဆအထက် ကျွန်တော် တို့ဝယ်သုံးရတဲ့ အနေအထားရှိတယ်။ အဲဒါကို လည်း အခုကျွန်တော် ကိုယ်တိုင်က စပြီးတော့ ဒီလောက်တောင် ဖြစ်တာ နိုင်ငံတကာနဲ့ ဒီလောက် တည်ဆောက်ရေး လုပ်ရဲ့သားနဲ့ ကိုယ့် ထဲမှာပဲ Raw တွေရှိရဲ့သားနဲ့ နှစ်ဆပေးရတယ် ဆိုပြီးတော့ ကြိုးစားတာ အချို့နည်းလေးတွေ ပြင်ဖို့ရှိတာ ပေါ့လေ။ ကျွန်တော်တို့ အဲဒါကို ထုတ်လုပ်ခွင့် တစ်နှစ်ပေး တယ်။ ဒီတစ်နှစ်မှာ ကျွန်တော့် အနေနဲ့ အဲဒီအောက်က လယ်သမားတွေနဲ့ ကျွန်တော် တို့ မော်လမြိုင် မွန်တို့၊ တနင်္သာရီတို့၊ ကရင်တို့ မှာရှိတာ။ ယောကျ်ားမရှိသလောက် ဖြစ် နေတယ်။ အကုန်လုံးက ဟိုဖက်နယ်စပ်မှာ နှစ်သန်းနဲ့ သုံးသန်းကြား လောက် သွားအလုပ်လုပ်နေတယ်။ ရောက်သွားတဲ့ ရွာမှာလည်း မိန်းမတွေကြီးပဲ။ အဲဒီတော့ ဒီ industry တွေ ထောင်မှသာလျှင် ကျွန်တော်တို့ အမျိုးတွေ ဟိုမှာ ဒုက္ခ၊ သုတ်ခနဲ့ နယ်စပ် မှာ သွားနေတဲ့ သူတွေ ရောက်မယ်ဆိုတဲ့ ဒါမျိုးချစ်စိတ်နဲ့ ထောင်နေတယ်။ ပြဿနာတွေအများကြီးပဲ။ ဒီဈေးနဲ့ သဘောတူတယ်။ လူ(၂၀)၊ (၃၀)လောက်ကအဲဒါနဲ့ ထဖောက်လာရော။ ဒါနဲ့မရဘူး။ ရှေ့မှာအများကြီးပြီးသွားပြီ၊ သူတို့လည်း ပြောပြတယ်။ ဘာတွေပြီးမယ်။ ဆေးရုံဆောက်ပေးမယ် ။ ဘာလုပ်မယ်။ ညာလုပ်မယ်။

ဒီစက်ရုံကြီးရှိတဲ့အတွက်ကြောင့် လူ လေးငါးခြောက် ထောင်တစ်သောင်း အလုပ်ရမယ်။ သဘောမပေါက်ကြဘူး၊ အခုချိန်ထိ ညှိလို့ လည်းမရဘူး၊ အဲဒါကြီးကို ခုနတုန်းက One Stop Service နဲ့ ဘယ်သူလုပ်ပေးမလဲ၊ အဲဒီဝန်ကြီးဌာန အနေနဲ့ လည်း ကျွန်တော်တို့ မေတ္တာရပ်ခံချင်တာက တစ်နှစ်ပေး တယ်၊ ဒီတစ်နှစ် အတွင်းမှာ တစ်မိုး တွင်းလုံးရေက ဆယ်ပေလောက် မြုပ်တယ်၊ မိုးတွင်းမှာ ဝင်လို့တောင်မရဘူး။ ခုနက စပါးစိုက်ဖို့ နေနေသာသာ စပါးမြေတွေ ဆိုပြီးတော့ အဲဒီ တောင်သူလယ်သမားကလည်း ပြဿနာကအမျိုးမျိုး၊ ကျန်တာတွေကလည်း အမျိုးမျိုးတွေပဲ၊ ဌာနတွေ ကလည်း အမျိုးမျိုးဖြစ်နေတဲ့ အခါကျတော့ ခုနပေါ့ ကျန်တဲ့ သတ္တုကို (၆)လ (၁)နှစ်လောက်တူးလို့ ရရင်ပဲ ဘိလပ်မြေစက်ရုံ လုပ်မယ်ဆိုရင် အနည်းဆုံး (၃)နှစ်လောက်ကြာတယ်။ နောက်တစ်ခုက အနည်းဆုံး သန်းတစ်ရာ နှစ်ရာမှမရှိရင် လု ပ်လို့မရဘူး။ စီးပွားဖြစ်ကလည်း (၃)ထောင်အောက်ဆိုရင် စီးပွားမဖြစ်လို့ တရုတ်က အကုန်လုံးဖျက်ပစ်လိုက်ပြီးတော့ မြန်မာနိုင်ငံကို ပို့လိုက် တော့ မြန်မာနိုင် ငံက ခု (၁)ထောင် အောက်တွေ ခုအကုန်လုံးစီးပွားမဖြစ်ဘူး၊ တစ်အိတ်ကို ထုတ်ခကိုတောင် (၄)ထောင် ကျော်လောက် ကျနေတဲ့အခါကျတော့ ကျွန်တော်တို့က (၅)ထောင်လောက်၊ (၆)ထောင်လောက် ထုတ်မှစီးပွားဖြစ်မယ့် အနေအထားမျိုး ရှိပါတယ်။ ဒါ့ကြောင့်လည်း အဲဒါကြောင့် သန်းတစ်ရာ လောက် ကုန်မယ့် အနေအထားမျိုး ရှိပါတယ်။ အဲဒီတော့မှ ကျွန်တော်တို့ဆီက Construction တွေ အများကြီးလုပ်လို့ရမယ့် အနေအထားမျိုးရှိပါတယ်။ ဒါကြောင့် ကျွန်တော် Lime Stone နဲ့ ပတ်သက်တဲ့ ဥပမာလေး ပြောပါမယ်။ ကျွန်တော်တို့ဆီမှာ Raw တွေရှိတယ်၊ Rich Country ကျွန်တော်တို့ဆီက Finished Product ကျွန်တော်တို့က ဝယ်သုံးနေရတဲ့ အနေအထား မျိုးရှိတယ်။ ထို နည်းလည်းကောင်းပဲ ကမ္ဘာကမျက်စိကျတယ်၊ဂျပန်ကလည်း မျက်စိကျတယ်၊ တစ်ကမ္ဘာလုံးမျက်စိကျတဲ့ ခဲတစ်ပြည်လုံး ရှိတယ်။ ခဲက ထုတ်လို့ရတယ်။ အဲဒီအပေါ်မှာမှ ကျွန်တော်တို့ အနေနဲ့ ဝန်ကြီး Drive အားလည်း ကောင်းပါတယ်။ အခု Line လုပ်နေတာလည်း ကျွန်တော် ကြားသလောက်ကတော့ တော်တော်လေးကို တစ်ယောက်ချင်း ကို စိစစ်ပြီးတော့ တကယ်လုပ်တဲ့သူ တကယ်ပေးပြီး တ ကယ်မလုပ်တဲ့သူတွေ အရေးယူနေတာလည်းကြားပါတယ်။ ရွှေကအစ ကြိုတင် ငွေသွင်းခိုင်းတယ်။ နိုင်ငံတော်အတွက် ဒါတွေလည်း ကျွန်တော် ကြားတဲ့ အတွက်ကြောင့် ကျွန်တော့် Appreciate လည်းလုပ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ သတ္တုကဏ္ဍနဲ့ မြန်မာနိုင်ငံ၏ တည်ဆောက်ဖို့ ကျွန်တော့်ကို တနင်္သာရီတိုင်းရဲ့ ခြေထော က်လေး တစ်ချောင်းရရင်တောင် မြန်မာတစ်နိုင်ငံလုံး ထမင်းကျွေးနိုင်တဲ့ အနေအထား မျိုးရှိပါတယ်။ ဒါ့ကြော င့် အဲဒီမှာမှ

ရှုပ်ထွေးနေတဲ့ဌာနဆိုင်ရာ(၁၀)ခုလောက် ညှိနှိုင်းရမယ့် ကိစ္စမျိုးကို ဝန်ကြီးဌာန အနေနဲ့ Board ပဲဖြစ်ဖြစ် ကော်မတီပဲ ဖြစ်ဖြစ် ဖွဲ့ပြီးတော့ ဒီပြဿနာတွေရှင်း နိုင် အောင် လုပ်ပေးနိုင်မယ်ဆိုရင်၊ နောက်နည်းဥပဒေတွေကို ထင်သာမြင်သာအောင် လုပ်ပေး နိုင်မယ်ဆိုရင် နောက်တစ်ခါ တစ်ဖက်ကနေ ကျွန်တော်တို့ ကိုယ်တိုင် သွားမယ်ဆိုလို့ရှိရင် အဲဒီ ဧရိယာလေးတွေကို အလုပ်လုပ်နိုင်မယ် ဆိုရင် DKBA ကအစ KNU ကအစ အကုန်လုံး Negotiate လုပ်နေရတယ်။ ခိုးကြောင်ခိုးဝှက်တူးနေရမယ့် အနေအထားက နေပြီးတော့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ များကို ဒီနေရာကနေ ဖိတ်ကြားချင်ပါတယ်။ တစ်ကမ္ဘာမှာ ကျွန်တော်တို့ချည်းပဲ ရှိတာ မဟုတ်ဘူး၊ ကျွန်တော်တို့ချည်းပဲ ရန်ဖြစ်နေရင် ဘေးကနိုင်ငံတွေ အကုန် တက်ကုန်ပါပြီ။ ကျွန်တော်တို့ ရန်ဖြစ်နေဖို့၊ မဖြစ်ဖို့အချိန်လည်း တန်ပါ ပြီ။ နောက် ကျွန်တော်တို့မှာရှိတဲ့ သယံဇာတတွေ အကုန်လုံးကို ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ ဆွဲထုတ်မယ်ဆိုလို့ရှိရင် နှစ်ပေါင်း ထောင်နဲ့သောင်းနဲ့မက ဆွဲထုတ်လို့ ရတဲ့အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် အားလုံး က တော့ ကျွန်တော်တို့ လက်နက်နဲ့ စီးပွားရေးနဲ့ လဲလှယ်ဖို့အချိန် ရောက်သလို မိမိ ကြောင့် မိမိဆွေမျိုးတွေ မိမိနဲ့ ပတ်သက်တဲ့သူ အကုန်လုံး ဒုက္ခသည်စခန်းမှာ ရှိနေတဲ့ပုဂ္ဂိုလ်များ ပြန်လာပြီးတော့ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့ သတ္တုနဲ့ပတ်သက်ပြီးတော့ ဖွံ့ဖြိုးတိုးတက် အောင် ဝိုင်းဝန်း ဆောင်ရွက်ပေးပါလို့ပြောရင်းနဲ့ ကျွန်တော်ရဲ့အဆိုပြု ထောက်ခံချက်ကို နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၄။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမယ့် အဆိုကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း တင်သွင်းတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက် ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။

မြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ထိုသို့ ပေါကြွယ်ဝသော တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် ကရင်ပြည်နယ်သည် တစ်ခုအပါအဝင ဖြစ်ပါတယ်။ ထိုသယံဇာတများကို လုံခြုံရေး အခက်အခဲကြောင့် အပြည့်အဝ မထုတ်ယူနိုင်ခဲ့ပါ။ ကရင်ပြည်နယ်တွင် ဝူဖရမ်၊ ခဲမ ဖြူစတဲ့ ပစ္စည်းများထဲက ဖာပွန် အနောက်ဖက်ခြမ်း ဆေးရေး မောရေးတောင် ပတ်ဝန်းကျင်မှာ အများကြီး ထွက်ခဲ့ပါတယ်။ ယခင်ကလည်းပဲ ဒီနေရာ ဆေးရေးမောရေးတောင်တစ်ဝိုက်ကို ကျွန်တော်တို့ သတ္တုတွေ ဒီသတ္တု ဝန်ကြီးဌာနကလည်း ဒါတူးဖော်ခဲ့ဖူးပါတယ်။ ကြေးနီကိုကမမောင်း’ တောင်ကြောမှာသည်းကောင်း၊ ဖာပွန်မြောက်ဖက်ခြမ်း ‘ကော်လိုတိုဖိုမူတိုတစ်ဝိုက်တွင်ခနောက်စိမ်းကြောများထွက်ရှိပါတယ်။ရွှေကိုဖာပွန်အနောက်ပိုင်းခြမ်း ဖြစ်တဲ့ ဘီလူးချောင်း၊ ဘီးလင်းချောင်းဖျားနှင့် ယွန်းစလင်းချောင်းဖျားမှာလည်း ထွက်ရှိပါတယ်။ ကရင်ပြည်နယ် ဒေါနတောင်တန်းဒေသနေရာ ဖြစ်တဲ့ မြဝတီမြောက်ဖက်မှာဆိုရင် ပတ္တမြားတို့ ၊ စိန်ကြောတို့၊ ကျောက်မီးသွေးတို့ ထွက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ အပြည့်အဝ ငြိမ်းချမ်းလာ သည့်နေ့တွင် နိုင်ငံတော်ပိုင် ၊ ပြည်နယ်၊ ခရိုင်ပိုင်၊ တိုင်းပိုင် သတ္တုအဖွဲ့များကို စနစ်တကျ ဆောင်ရွက်ပေးပါက များစွာအကျိုးရှိပြီး ပြည်သူလူထု စားဝတ်နေရေးအတွက် ပြေလည်လာမည် ဟု ထင်မြင်ယူဆပါတယ်။ ၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နိုင်ငံသားများနဲ့ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများနဲ့ ပူးပေါင်းပါဝင် လုပ်ငန်းလုပ်ကိုင်လာပါက ပြည်နယ် လူထုများလည်း အလုပ်အကိုင်ရရှိလာကြပြီး ပညာရေး ၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်မည့်စသည့် တိုးတက်မှုအခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။ ပြည်သူများအနေဖြ င့် အမြင်ကျယ်လာသည့်အခါ စနစ်တကျ သတ္တုတူး ဖော်ရေးလုပ်ငန်းများကို တတ်မြောက်လာမှာ ဖြစ်ပါတယ်။ ၎င်းအပြင် နိုင်ငံပိုင်၊ သ မဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ကုမ္ပဏီများကိုလည်း စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်ကြမှာဖြစ်ပါတယ်။ဤကဲ့သို့လုပ်ဆောင်မှသာ နိုင်ငံသားပိုင်၊ ဦးပိုင်၊ အဆင့်မြင့် ကုမ္ပဏီများကို စနစ်တကျ ဖွဲ့စည်းလာနိုင်မည်ဟု သုံးသပ်ပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း တင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်ဖြစ်ရေး အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃:၂၇**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ကိုနေဝင်းထွန်းရဲ့ ရှမ်းပြည်နယ် မဲ ဆန္ဒနယ်အမှတ်(၉) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေး နွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ရဲ့ အဆိုတစ်ချို့ကို ဖတ်ကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ သဘာဝသယံဇာတများအနက် သတ္တု သယံဇာတပိုပြီးတော့မှ များပါတယ်။ တိုင်းနဲ့ပြည်နယ် ဒေသအသီးသီးမှာ သတ္တုတွေထွက်ရှိပါတယ်။ ကျွန်တော်တို့ ဒေသခံတွေ က သတ္တုထွက်ရှိတာကို မသိပါဘူး။ ကျွန်တော်တို့ တောင် ယာခုတ်တယ်၊ တောလယ်တယ်၊ ဘိန်းစိုက်တယ်၊ ဘိန်းစား တယ်။ ဒါနဲ့ပဲ အချိန်ကုန်သံသရာလည်ပြီးတော့မှ ကျွန်တော်တို့ဘဝတွေ မတိုးတက်ခဲ့ပါဘူး။ တိုင်းရင်းသားတွေအနေနဲ့ မိမိပတ်ဝန်းကျင်၊ မိမိဒေသမှာရှိတဲ့ သတ္တုသယံဇာတတွေကို စနစ်တကျ တူးနိုင်ရင် ကျွန်တော်တို့အတွက် အကျိုးရှိမ ယ်လို့ မြင်ပါတယ်။ ဒီလိုအကျိုးရှိအောင် လည်း စီးပွားဖြစ် အကျိုးဖြစ်ထွန်း အောင် လုပ်ဖို့ဆိုတာ ကျွန်တော်တို့ တိုင်းရင်းသားတွေ ကို နည်းပညာတို့ အရင်းအနှီးတို့ မရှိပါဘူး။ ဒီနည်းပညာတွေ အရင်းအနှီးတွေ ရှိအောင် ကျွန်တော်တို့ ကူညီပံ့ပိုးပေးရင်၊ လုပ်ပေးရင် ပိုပြီးတော့ အောင်မြင် ပါတယ်။ ကျွန်တော်တို့ ဒေသမှာဆိုရင် ကျွန်တော်တို့ ပြည်သူတွေရဲ့ဘဝ ဒီတောင်ယာခုတ်တယ်၊ နောက်ပြီးတော့မှ တောင်ယာစိုက်တယ်၊ ဒါတွေနဲ့ပဲ အချိ န်ကုန်ပြီးတော့မှ သံသရာလည်နေပါတယ်။ သတ္တုတွေကို ဖင်ခုထိုင်နေမှန်းလည်း မသိကြပါဘူး ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူတွေရဲ့ဘဝကို

သတ္တုတူးဖော်နည်းတွေ၊ အရင်းအနှီးတွေ၊ နည်းစနစ်တွေကို ရှင်းလင်းဆွေးနွေးပေးမယ် လမ်းဖွင့်ပေးမယ်ဆိုရင် မျက်စိအမြင်၊ နားအမြင်တွေလည်း ပွင့်လာမှာပါ။ သတ္တုတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် အများဆုံးထွက်တာ ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်မှာဆိုရင်လည်း ရှမ်းအရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက် နောက်ပြီး မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ နောက်တနင်္သာရီ၊ မွန်ပြည် နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် တွေမှာလည်း ထွက်တာကို ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။ အဲဒီထွက်နေတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ စနစ်တကျ ထုတ်လုပ်ပြီးတော့မှ ပြည်သူတွေအကျိုးရှိအောင် အသုံးပြုမယ်ဆိုရင် ကျွန်တော်တို့ ဒေသနဲ့ ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့် သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုနေဝင်းထွန်းဆွေးနွေးတင်သွင်းတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုလေးလေးနက်နက်ထောက်ခံအပ်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၁။**

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော် ကတော့ တနင်္သာရီတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ် ပေါ်လာစေရေးအတွက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဦးနေဝင်းထွန်း ဟိုနေ့က အဆိုတင်သွားတုန်းက ဗမာပြည်မှာ တိုင်းနဲ့ပြည်နယ် (၈)ခု၊ ကျွန်တော်တို့ ဒီသတ္တု ရှိတယ်လို့ ပြောသွားပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ တနင်္သာရီတိုင်း လည်းပါတဲ့အတွက် ကျွန်တော်အခုလို ထောက်ခံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်း မှာ ထားဝယ်ခရိုင်၊ မြိတ်ခရိုင် ဟိုတုန်းက အကြီးအကျယ်ထွက်ခဲ့တဲ့ဒေသတွေပါ။ မြိတ်ခရိုင်က တနင်္သာရီမှာဆိုရင် သိန္နွောသတ္တုမှာ စိန် တောင် ထွက်ပါတယ်။ အဲဒီတော့ ဟိုတုန်းက ကျွန်တော်တို့ ခဲ၊ သံ အကြီးအကျယ် ထွက်ခဲ့တော့ ကျွန်တော်တို့ ဒေသမှာ ဒီရွှေမိုး၊ ငွေမိုး ရွာခဲ့ပါတယ်။ ကျွန်တော်တို့

ငယ်ငယ်ကဆိုရင် ဒီဘန်ကောက်လုံချည်နဲ့ သကြ်န်ခံပြီးတော့ ရာတန်မီးရှို့ပြီး လ က်ဖက်ရည်ကြမ်း သောက်တယ်ဆိုတာ တကယ်ဖြစ်ခဲ့တာပါ။ အဲဒီလောက် ရမ်းကားခဲ့ပါတယ်။ ရွှေမိုး၊ ငွေမိုးရွာလို့ ကျွန်တော်တို့ အဖိုးများလက်ထက်ကလည်း အကြီးအကျယ်လုပ်ခဲ့ပါတယ်။ နောက် လွတ်လပ်ရေး ရပြီးတဲ့နောက် ကျွန်တော်တို့ မိဘများလက်ထက်မှာလည်း လုပ် ပါတယ်။ ဒါပေမယ့် ကျွန်တော့် လက်ထက်တော့ ကျွန်တော်တို့ မလုပ်တော့ဘူး။ ဘာကြောင့်လည်းဆိုတော့ လုပ်ရပုံက ခက်ခဲပြီးအဆင့်ဆင့် သွားရတာရှိတဲ့အတွက် မလုပ်တော့တာပါ။ ဒီလွတ်လပ်ရေး ရပြီးတဲ့ နောက်ပိုင်း ကျွန်တော့်မိဘများလုပ်တဲ့ အချိန်တုန်း က ဘယ်လောက်လွယ်ကူလဲဆိုရင် ကျွန်တော် ဒီ ခဲ၊ သံ ကိုယ့်မိုင်းကထွက်ပြီးတော့ ဒီတစ်ပတ်မှာ အင်္ဂါနဲ့ ကြာသပတေးကို ဒီမာတိုင်း သင်္ဘော ဆိုတာရှိပါတယ်။ ပီနန်နဲ့ ထားဝယ်၊ မြိတ်သွားတာ ဒီမာတိုင်း ကုမ္ပဏီက ထောင်ထား တာပါ။ အဲဒီတော့ အင်္ဂါနေ့မှာ သင်္ဘောဝင်လာတယ်။ ကျွန်တော်တို့ က ထုတ်ထားတဲ့ ခဲ၊ သံတွေ ကို တင်လိုက်တယ်။ ကြာသပတေးနေ့ထွက်တယ်။ တစ်ခါ ကြာသပတေးနေ့ ဝင်လာတဲ့သင်္ဘောဟာ တစ်ခါ အင်္ဂါနေ့ထွက်တယ်။ အဲဒီတော့ တင်လိုက်တဲ့ ကုန်ပစ္စည်းဟာ ကြေးနန်းရိုက်လိုက်လို့ အဲဒီပီနန် ကုမ္ပဏီကို ရောက်တာနဲ့ တစ်ပြိုင်နက် ရပြီဆိုတော့ ကြေးနန်းရောက်တာနဲ့ ဒီထားဝယ်က ကုမ္ပဏီခွဲမှာ ကျွန်တော်က ငွေထုတ်နိုင်ပါတယ်။ အဲဒီတော့ လုပ်ရေးကိုင်ရေးမှာ ငွေလည် ပတ်မှု က ရှိပါတယ်။ ဟိုတုန်းကဆို ကျွန်တော်တို့ ကလေးဘဝက ဒီလိမ္မော်သီးတို့၊ ပန်းသီး တို့၊ ကိတ်မုန့် တို့ ရန်ကုန်က မှာ မစားပါဘူး။ ဒီပီနန်ကဟာ စားနေတာ၊ အဲ လို ခေတ်ကောင်းတဲ့ခေတ်က ၆၂ ခုနှစ်မှာ ချုပ်ငြိမ်းသွားပါတယ်။ အဲတော့ အခုဘာကြောင့် ကျွန်တော်တို့ ဘာကြောင့် မလုပ်တော့လည်းဆိုတော့ ခက်ခဲမှုအဆင့်ဆင့်တွေရှိပါတယ်။ အဲဒါကို ကျွန်တော်ပြောရရင် ဥပမာဆိုပါတော့ ကျွန်တော်တို့ ထုတ်လိုက်တဲ့ ခဲ၊သံပေါ့နော်။ ဒီ ခဲ၊ သံဟာ (၁၀၀) ရာခိုင်နှုန်း ကနေပြီးတော့ အစိုးရ ကို (၄) ရာခိုင်နှုန်း သွင်းရပါတယ်။ အစိုးရကို အပ်တာ (၉၆) ရာခိုင်နှုန်း၊ အဲဒီကမှ ကျွန်တော်တို့ ကုမ္ပဏီက (၇၀)ရာခိုင်နှုန်းရပြီး အစိုးရ က (၃၀)ရာခိုင်နှုန်းယူပါတယ်။ ဒါကလည်း အစိုး ရက နေပြီးတော့ ဒီ Separator ခေါ်တဲ့ ခဲသတ္တုသန့်စင်ရုံကနေ သန့်စင်ပြီး (၆၅) ရာခိုင်နှုန်း ကျန်မှ လက်ခံတာပါ။ အဲဒီအစိုးရ သန့်စင်ပြီးသား (၆၅)ရာခိုင်နှုန်းကိုလည်း တစ်ခါ အဆင့်ဆင့်ဝန်ကြီးဌာန အဆင့်ဆင့်က အားလုံး သွားနေရတော့ ကျွန်တော်တို့ ဒီဥပမာဆိုပါတော့ ကျွန် တော် ငွေသိန်း (၅၀၀၀)လောက်နဲ့ရင်းမယ့်ဟာက သုံးလ လောက်ကြာမှ ဒီသိန်း (၅၀၀၀)က ဒီငွေပြန်ပေါ်မှာ ဆိုတော့ နောက်သိန်း (၅၀၀၀) Double လိုပါတယ်။ အဲတော့ သိန်း(၅၀၀၀) လောက်နဲ့ ရင်းစားနိုင်တဲ့ဟာ သိန်း(၁၀၀၀၀)လောက် လိုအပ်နေတော့ အဲလောက်

ခက်ခဲမှု အဆင့်ဆင့် သွားနေရတဲ့အတွက် ကျွန်တော်တို့အဖို့ ပုဂ္ဂလိကလုပ်ငန်းရှင် လေးတွေဟာ ဒီသတ္တု တူးဖော်ခြင်းကို မလုပ်နိုင်ကြတော့ပါဘူး။ အဲဒီတော့ အခု ကျွန်တော်တို့ နယ်မှာလုပ် နေကြတာ ရှိပါတယ်။ ဟိုတုန်းက ရွှေမိုး၊ ငွေမိုးရွာခဲ့တဲ့ ကံပေါက်မိုင်းဆိုရင် အခု ကံပေါက် အမှတ်(၂)သတ္တုတွင်းအစိုးရနဲ့ Delco ကုမ္ပဏီတွေကအကျိုးတူဖက်စပ်လုပ်ငန်းလုပ်နေပါတယ်။ ဒါတော် တော်လေး သူတို့ အကြီးအကျ ယ်လုပ်တာပါ။ တစ်နှစ်ကို တန် (၄၀၀) နီးပါးထွက်တယ်။ ဒါ ခဲမဖြူနဲ့အဖြိုက်နက်ပါ။နောက်တစ်ခါ တစ်လုံးခါဆိုတဲ့ ရေဖြူနယ်ထဲက မိုင်းမှာဆိုရင် အစိုးရနဲ့ ANANRT ကုမ္ပဏီကနေ အကျိုးတူ ဖက်စပ်လုပ်ငန်းလုပ်နေပါတယ်။ ဒါပေမယ့် သွားကြည့် လိုက်တော့ တရုတ်တွေပဲ ကျွန်တော်တွေ့ခဲ့တယ်။အဲဒီက တာဝန်ခံတရုတ်ကို ကျွန်တော်မေးကြည့် တော့ မင်းတို့တရုတ်ပြည်မှာ မရှိဘူးလား။ သတ္တုမိုင်းရှိတယ်တဲ့။ သူတို့မူက သူတို့မှာ ရှိတာ ထားပြီး တစ်ခြားနယ်ကဟာ အရင် လိုက်ရှာတဲ့မူလို့ အဲဒီလို ပြောပါတယ်။ တစ်ခါ ဟာမြင်း ကြီး တိုင်းရင်းသားကုမ္ပဏီကပဲ ငွေထွန်း တောက်ဆိုတာကလုပ်တယ်။ အဲဒီဟာမှာလည်း ကျွန်တော် ဒီလိုဟာပဲ တရုတ်တွေပဲ ကျွ န်တော် တွေ့ခဲ့တာပဲ။ နောက် ဟိန်းဒါ၊ ဟိန်းဒါး မိုင်း ဆိုတာလည်း တစ်ချိန်က အင်မတန် ကြီးကျယ်တဲ့မိုင်းပေါ့။ အခုသူကတော့ ထိုင်းက လုပ်နေ ပါတယ်။ တစ်ခြား ကုမ္ပဏီငယ်လေးတွေရှိပါသေးတယ်။ ခုနပြောတဲ့ ဟာမြင်းကြီးမှာဆိုရင် ဖက်စပ်လုပ်ငန်းဟာ အခု ဇက (၅၀)ပေါ့နော်။ လုပ်တယ်လို့ ပြောပါတယ်။ တ ချို့ ကုမ္ပဏီတွေက ယူသာထားတယ်။ မလုပ်ဘူး။ အစိုးရ ကိုသွင်းရမယ့် ခဲ ၊ သံကို (၄၀) ရာခိုင်နှုန်းလောက်ကို ပိသာစားလုပ်တဲ့ သူတွေဆီကဝယ်ပြီး၊ သွင်းပြီးအမည်ခံပဲ ယူထားတာတွေ ရှိပါတယ်။ အဲဒီ တော့ ဒါဖြစ်ရင် ကျွန်တော်တို့ အခုမလုပ်ခြင်းဟာ ခုနလို အဆင့်ဆင့်သွားနေရတဲ့ အခက်အခဲတွေ ကျော်သွားနိုင် မယ်။ နိုင်ငံတော်ကလည်း ဒါတွေကို စိစစ်ပြီးတော့ ဒီလောက်အဆင့်တွေ မများအောင် လုပ်ပေး နိုင်မယ်ဆိုရင် ကျွန်တော်တို့ ဒီလို တိုင်းရင်းသား လုပ်ငန်းရှင်လေးတွေဟာ ပြန်လုပ်နိုင်မှာဖြစ်ပါ တယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ခက်ခက်ခဲခဲ အဆင့် ဆင့်သွားနေရတဲ့ လုပ်နည်းလုပ်ဟန်လေး တွေကို ချောချောမွေ့မွေ့နဲ့ လွယ်လွယ်ကူကူနဲ့ ဖြစ်အောင်လုပ်ပေးပါ။ နောက်တစ်ခု က ကျွန်တော်တို့ဆီမှာ မိုင်းတွေ ပျောက်သွားတာ ကျွန်တော်တို့ တနသ်ာရီ၊ ထားဝယ်နယ်မှာပေါ့။ သတ်မှတ်ထားတဲ့မိုင်းတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် အခု ဒီမိုင်းတွေဟာ ပျောက်ကုန်ပါပြီ။ ဘာကြောင့်လည်းဆိုတော့ တစ်ခြား ဒီမြေစာရင်းဌာန တို့၊ သစ်တောဌာနတို့၊ နှစ်ရှည်လုပ်ငန်း တို့၊ အဲလိုတွေရဲ့ အောက်ကို ရောက်ပြီးတော့ စိုက်ပျိုးရေး တွေ ဘာတွေဖြစ်သွားတော့ ဒီသတ္တု တွင်း လုပ်မယ့်သူကတောင် ဒီမြေစာရင်းတွေ သစ်တောတွေ၊ နှစ်ရှည်ပင်တွေနဲ့ အဆင့်ဆင့်ပြန်တင်ပြီးမှ

သတ္တုတူးဖော်ခွင့်ရမယ့် ပုံမျိုးရောက်နေပါတယ်။ ဒါကြောင့် သတ္တု ့တွင်းဌာန အနေနဲ့ကလည်း အဲဒီလို ပျောက်သွားတဲ့မိုင်းတွေကို သတ္တု တွင်းနယ်မြေ ပြန်ပေါ်လာအောင် ဖော်ပေး ပါလို့ ကျွန်တော် ပြောရခြင်းဖြစ်ပါတယ်။ နောက် ဒီတခြားလုပ်ငန်းတွေမှာနိုင်ငံတော်က ထောက်ပံ့ခဲ့သလို ပေ့ါနော်။ ဒီ အမတော်ကြေးတွေပေးနိုင်မယ်ဆိုလည်း ပေးဖို့ကောင်းတယ်လို့ ကျွန်တော် တင်ပြလို ပါတယ်။ အဲဒီတော့ အခု ကျွန်တော်က ဒီနေရာမှာ တင်စားပြီးပြောချင်တာလေးတစ်ခုရှိ ပါတယ်။ ကျွန်တော်တို့ ၁၈၈၅ ခုနှစ်မှာ ပါတော်မူပါတယ်။ ပါတော်မူရခြင်း ဟာ Immediate Course ဆိုတဲ့ ချက်ခြင်း လက်ငင်းဖြစ်တဲ့ အကြောင်းအရင်းဟာကတော့ Bombay Burma သစ်ကိစ္စပါ။ ဒါပေမယ့် သူ့မှာ Remote Cord ဆိုတဲ့ ကွာဝေးလှတဲ့ အချက် အလက်တွေလည်း ရှိပါတယ်။ အဲဒီ အထဲမှာဒီပတ္တမြားမြေကို ပြင်သစ်လက်ရောက်မှာစိုးလို့ အင်္ဂလိပ်ဟာ ချက်ခြင်း လက်ငင်းကြီး ကျွန်တော်တို့ကို နယ်ချဲ့တဲ့ အတွက် ပါတော်မူရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ပြောချင် တာကတော့ ဒီနေရာမှာ ပါတော်မူတော့ ပြန်မဖြစ်တော့ပါဘူး။ ဒါပေမယ့် လာတော်မူဖြစ်နေပြီ။ ဘာတွေလာနေသလဲ ဆိုတော့ တရုတ်တွေ၊ အဲဒီတော့ ဒီလို လာတော်မူမဖြစ်ရအောင် ကျွန်တော်တို့ တိုင်းရင်းသားတွေကို လုပ်ငန်းရအောင် လုပ်ပေးပါလို့ ကျွန်တော်ပြာကြားရင်းနဲ့ဒီ ဦးနေဝင်းထွန်းရဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ် စေရေး အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာ သော ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ အခု ကျွန်တော်က ဦးနေဝင်းထွန်းရဲ့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရန် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးဖို့ဖြစ်ပါတယ်။ အချို့နေရာမှာ အင်္ဂလိပ်စကားလုံးပါတာကိုလည်း ခွင့်ပြုပေးဖို့ တောင်းဆိုပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ဓာတ်သတ္တုကို ဒီကနေ့ ထုတ်လုပ်နေတာဟာ အပေါ်ယံလွယ်လွယ်ကူကူနဲ့ ထုတ် လို့ရတဲ့အပိုင်းပဲ ထုတ်နေကြတာ။ နိုင်ငံတကာက ပညာရှင်တွေ၊ Geologist တွေယူဆတာတော့ ကျွန်တော်တို့ နိုင်ငံမှာ ဓာတ်သတ္တု ဆိုတာ အမြောက်အမြားရှိတယ်။ နောက်ပြီးတော့ ဘယ်ဒေသမှာ ဘယ်လောက်ရှိတယ် ။ ဘယ်လောက်နယ်မြေအကျယ်အဝန်းမှာရှိတယ်ဆိုတဲ့ Geological Map သေချာမဆွဲနိုင် ခဲ့သေးဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်စားလှယ်တော်ကြီးများလည်း တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ တိုင်းပြည်ဟာ ငြိမ်းချမ်းရေး၊ လုံခြုံရေးမရှိတဲ့အတွက်ကြောင့် အဲဒီလို အတိအကျ မဆွဲနိုင်ခဲ့ဘူး။ ဒါပေမယ့် ရှိတယ်ဆို တာ၊ ပေါ်များကြွယ်ဝတယ်ဆိုတာ ကမ္ဘာ့ Geologist တွေက အနီးကပ် အသိအမှတ်ပြုကြတယ်။ ချီးမွမ်းကြတယ်။ နောက်ပြီးတော့ ဒီကနေ့ ကျွန်တော်တို့ လုပ်နေတဲ့ အပေါ်ယံကို ကျွန်တော်တို့ လုပ်တယ်ဆိုတာ အရင်းအနှီးသက်သာတယ်။ တကယ်လို့ ကျွန်တော်တို့ ဒီခဲသတ္တုများကို၊ ဓာတ်သတ္တုများကို၊ မြေအောက်မှာရှိတဲ့၊ ဓာတ်သတ္တုများကို ကျွန်တော်တို့ Underground Mining သဘောမျိုး မြေအော က်လိုဏ်ဂူဖောက်တဲ့ မိုင်းမျိုး လုပ်မယ်ဆိုရင် တကယ်ကြီးမားတဲ့ လုပ်ငန်းကြီး တွေဖြစ်တယ်။ ဒီလို လုပ်ငန်းမျိုးဆိုရင် နိုင်ငံခြား ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ Joint - venture ကျွန်တော်တို့ တိုင်းပြည်က ကုမ္ပဏီနဲ့ နိုင်ငံခြား ကုမ္ပဏီ သူတို့ဆီက Technology ရဖို့အတွက် သူတို့ဆီက Technology နဲ့ Underground Mining ကို သေချာ လုပ်မှ ကျွန်တော်တို့က ပိုက်ဆံလည်း များများရမယ်။ အဲဒါကို ကျွန်တော်တို့ အနေနဲ့က ဒီ Underground Mining လုပ်ဖို့ ကျွန်တော် တို့ တကယ်လို့ ဖိတ်ခေါ်တာတောင်မှ Underground Mining ဟာ စရိတ်စက အင်မတန် အကုန်များတယ်။ အဲဒီတော့ သူတို့ အနေနဲ့က ဘာကို ကြည့်သလဲဆိုတော့က အဲဒီနယ်မြေမှာ သူတို့ မိုင်းလုပ်မယ့်နေရာမှာ မြေအောက်မှာ မြေပေါ်မှာ ခဲဘယ်လောက်ရှိသလဲဆိုတော့ ပထမအဆင့်အနေနဲ့ သူတို့ Exploration လုပ်ရတယ်။ နှစ်ရှည်လများ အရင်းအနှီးအများကြီး အကုန်အကျခံပြီးတော့ Exploration စလုပ်တယ်။ နောက်ပြီးတော့ ဒီပေါ်ကနေပြီးတော့ အောက်မှာ မြေအောက်မှာ ဓာတ်သတ္တု ဘယ်လောက်ရှိသလဲဆိုတာကို ပိုပြီးတော့ သေချာအောင် Underground Exploration ဆိုပြီးတော့ လုပ်သေးတယ်။ အဲဒါ ဥမင်လိုဏ်ဂူ တွေဖောက် အောက်မှာ ခဲအကြောတွေကြည့် အဲလို သူတို့ ကြည့်ရှုပြီးတော့ ဒီမှာ တန်ဘယ်နှစ်သောင်း၊ ဘယ်နှစ်သိန်း

ဘယ်လောက်ထွက်လဲ ဆိုတာကို သူတို့ သိပြီးတဲ့အခါ ကျတော့ ငွေ ကြေးပမာဏ၊ ဘယ်လောက်များများစိုက်ထုတ်မယ်၊ ဒီခဲထွက်အောင်။ နောက် ဒီခဲများများထွက်တဲ့ အခါကျတော့ ဒီခဲကို သန့်စင်ပြီးမှ နိုင်ငံခြားကိုရောင်းချမယ်။ အဲဒီတော့ ခဲသန့်စင်တဲ့ စက်ရုံလည်း သူတို့တည်ဆောက်မယ်။ အဲဒီတော့ သူတို့ရဲ့လုပ်ငန်းက အင်မတန် ကြီးမားတယ်။ အင်မတန် အရင်းအနှီးများတယ်။ နောက်ပြီးတော့ High Technology လည်းသုံးရတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒီလုပ်ငန်းမျိုးဆိုရင် နိုင်ငံတကာ ကုမ္ပဏီအဆင့်မြင့်တဲ့ကုမ္ပဏီအများအားဖြင့် ဒီမိုင်း ကုမ္ပဏီတွေက အင်္ဂလိပ်တို့၊ ဩစတြေး လျတို့၊ ဂျာမနီတို့၊ အဲဒီလို နိုင်ငံက ကုမ္ပဏီကြီးတွေက စိတ်ဝင်စားကြသူများတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုသူတို့အနေနဲ့ ကုမ္ပဏီအနေနဲ့ ငွေများစိုက်ထုတ်ရမယ့် အရင်းအနှီးမျိုးကို စိုက်ထုတ်ရမယ်ဆိုရင် နိုင်ငံခြားကုမ္ပဏီတွေက ဘာလဲဆိုတော့ နံပါတ်တစ်အချက်အနေနဲ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးတည်ငြိမ်မှုရှိ /မရှိ။ နယ်မြေလုံခြုံမှုရှိ/မရှိ။ ငွေကြေးခိုင်မာမှု ရှိ/မရှိ၊ ကျွန်တော်တို့ရဲ့ တရားဥပဒေနဲ့ သူတို့ရဲ့ လုပ်ငန်းနဲ့ ကိုက်ညီမှုရှိ/မရှိ။ ကျွန်တော်တို့ နိုင်ငံမှာ ခုနတုန်းက ကိုယ်စားလှယ်တော်တွေလည်း ပြော သွား တာရှိတယ်။ လာဘ်စားမှုကိစ္စက အစ ဒါ အရေးကြီးတယ်။ သူတို့ ဒါလည်းကြည့်တယ်။ နောက် တစ်ခု နံပါတ်နှစ်အနေနဲ့ အဲဒီအချက်တွေဟာ ကျွန်တော်တို့ အခုဒီမိုကရေစီ စနစ် ဖြစ် လာပြီးတဲ့ နောက်ပိုင်းဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ပြောင်းလဲသွားမယ်။ တိုးတက်လာ မယ်ဆိုရင် နံပါတ်တစ်အချက်က ပြေလည်နိုင်မယ်လို့ ကျွန်တော်ထင်တယ်။ နောက်နံပါတ် (၂)က ဘာလဲဆိုတော့ မြေပေါ်မြေအောက် သူတို့အရင်းအနှီးများများနဲ့ ခဲရှာဖွေတဲ့ Exploration Period ကျွန်တော်တို့က အကောက်အခွန်တို့ Under - Ground Exploration ခဲတွေ အနည်းအကျဉ်းထွက်တာရှိတယ်။ဒါကိုတောင်မှအချို့နိုင်ငံမှာဆိုရင်အကောက်ခွန်လွတ်အနေနဲ့ ပေးတယ်။ နောက်ပြီးတော့ ဓာတ်သတ္တုထုတ်တဲ့ အဆင့်ကိုရောက်လာတဲ့ အချိန်မှာကျတော့ ထွက်လာတဲ့ ဓာတ်သတ္တု ပေါ်မှာ ကျွန်တော်တို့ အစိုးရအနေ နဲ့ အကောက်ခွန်ရမယ်။ နောက်ပြီးတော့ Export လုပ်တဲ့ အချိန်မှာလည်း အကောက်အခွန်ရမယ်။ နောက်ပြီးတော့ ဒီ Mining ကုမ္ပဏီကြီးတစ်ခုလုံးမှာရှိတဲ့ ဝန်ထမ်းတွေ၊ အလုပ်သမားတွေရဲ့ဝင်ငွေအခွန်ကိုလည်း နိုင်ငံတော် အစိုးရက ရမယ်။ ဒါပေမယ့် ဒီနိုင်ငံခြားကုမ္ပဏီတွေကို ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ အစိုးရအနေနဲ့ ကွပ်ကဲမှု၊ ထိန်းသိမ်းမှု ကြည့်ရှုစောင့်ကြပ်မှုဆိုတာ အရေးကြီးပါတယ်။ လွှတ်ထားလို့ မရပါဘူး။ ကျွန်တော်တို့ လွှတ်ထားမယ်ဆိုရင် နိုင်ငံခြားကုမ္ပဏီတွေဟာ သူတို့ရဲ့အကျိုးပဲ သူတို့ကြည့် ပြီးတော့ရေရှည် ကျွန်တော်တို့ ထိခိုက်မယ့်ဟာကိုမကြည့်ဘဲနဲ့ လုပ်သွားရင် ကျွန်တော်တို့တိုင်းပြည်ဟာ အင်မတန်နစ်နာပါတယ်။

အဲဒီအတွက်ကြောင့် ဒီနိုင်ငံခြား ကု မ္ပဏီနဲ့ ကျွန်တော်တို့ ပုဂ္ဂလိက ကုမ္ပဏီနဲ့ ဖက်စပ် Joint-venture လုပ်မယ် သို့မဟုတ် အချို့အရေးကြီး တဲ့ လုပ်ငန်းတွေမှာဆိုရင် အစိုးရအနေနဲ့ Joint-venture လုပ်ဖို့လိုပါတယ်။ အဲ ဒီတော့ နိုင်ငံခြားကုမ္ပဏီနဲ့ ကျွန်တော်တို့ ပေါင်းလုပ်တဲ့ နေရာမှာ ငွေရေးကြေးရေးချည်းပဲမဟုတ်ဘူး။ ကျွန်တော်တို့ နိုင်ငံသား ၊ ကျွန်တော်တို့ နိုင်ငံက ပြည်သူတွေဟာသူတို့ရဲ့ Technology ကို ရဖို့ဆိုတာလည်းအရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ Joint - venture လုပ်တဲ့အခါမှာ ဒီဒါရိုက်တာအဖွဲ့ကအစ အရေးကြီးတာက Technology ပိုင်းဆိုင်ရာမှာဆိုရင် Technical manager, Technical Director ဆိုတာရှိတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက တတ်တာပဲ ဖြစ်ဖြစ်၊ မတတ်တာပဲဖြစ်ဖြစ် မတတ်သေးတာထားဦးတော့ အခြေခံကရှိမယ်။ ပညာရှင်တွေကို အနည်းဆုံး Deputy Technical manager ဒီလိုမျိုး သဘောတူပြီးတော့ ကျွန်တော်တို့ လုပ် ရမယ်။ နောက်ပြီးတော့ ဒီသူတို့ ဌာနတွေဖွင့် ရမယ် ဥပမာ - Mining Department, Geology Department, Survey Department နောက်ပြီးတော့ ဒီ Factory, Lab အဲဒီလိုဌာနတိုင်းမှာ ကျွန်တော်တို့ရဲ့ ပညာရှင် တွေ အနည်းဆုံး Deputy Head ကို ရဖို့ထားထားဖို့လိုတယ်။နောက်ပြီးတော့ မိုင်းဆိုတဲ့အလုပ်ဟာ ကုန်ခမ်းနိုင်တဲ့ အလုပ်၊ အဲဒီတော့သူများနိုင်ငံတွေမှာဆိုရင် ဒီလို Joint venture လုပ်တယ်ဆိုရင် နှစ်သိပ်အရှည်ကြီး စာမချုပ်ဘဲ (၁၀)နှစ်တစ်ခါ (၁၀)နှစ်တစ်ခါ ပြီးမှ Renew ပြန်လုပ်တယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ (၁၀)နှစ်တစ်ခါ ဥပမာ - စာပြန်ပြီးချုပ်မယ်။ သူက သဘောမတူဘူး။ သူ့မှာ အမြတ်နည်းတယ်။သူမလုပ်နိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့က တစ်ခေါက်တည်း တွဲထားတယ်။ Deputy ကျွန်တော်တို့ လိုက်ထားတယ်။ အဲတော့ သူတို့မလုပ်လည်းဘဲ ရှိတဲ့ပစ္စည်း၊ ရှိ တဲ့ အရင်းအနှီး၊ ရှိတဲ့ကျွန်တော်တို့ရဲ့ တတ်ကျွမ်း လာတဲ့ပညာရှင်တွေ ကျွန်တော်တို့ ကုန်ထုတ်လုပ်မှုကို ဆက်ပြီးလုပ်နိုင်တယ်။ နောက်တစ်ချက်အနေနဲ့ က ကျွန်တော်တို့ နိုင်ငံအနေနဲ့ အထူးဂရုစိုက်ရမှာက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဖြစ်ပါ တယ်။ မိုင်းကထွက် တဲ့ ပစ္စည်းဆိုရင် ဥပမာ Lead ဟာ Lead Salaphate ဒီတိုင်းနေရင် အဆိပ် Lead Carbonate ဟာ Direct အဆိပ်ဖြစ်တယ်။ နောက်ပြီးတော့ Lead ကို သန့်စင်တဲ့အချိန် မှာ ထွက်လာတဲ့ Lead Oxide အဲဒါ Direct အဆိပ်ဖြစ်တယ်။ နောက်ပြီးတော့ ဓာတ်သတ္တုတွေမှာ ရောပါလာတတ်တာ အချို့က စိန် Arsenic , Arsenic ဆိုရင်လည်းပဲ တိုက်ရိုက်လူတွေကို အန္တရာယ်ပေးတယ်။ နောက်ပြီးတော့ Antimony လိုဟာမျိုး ကျွန်တော်တို့ နယ်မှာ အင်မတန်လုပ်နေကြတယ်။ အဲဒါကို ကျွန်တော်တို့ ကုန်ချောသန့်စင်တဲ့ အချိန်မှာ ထွက် လာတဲ့ အဆိပ်အတောက်က အင်မတန်အန္တရာယ်ကြီးတယ်။

အဲဒီတော့ အဲဒီအဆိပ် အတောက်တွေဟာ မြစ် ချောင်းထဲကို ကျသွားတဲ့အခါ Mercury ထွက်လာတယ်။ဒီ Mercury ထွက်လာတဲ့ဥစ္စာဟာ ရေထဲကိုပဲ မျောပါမျောပါ၊ အစားအသောက် ထဲပဲဝင်ဝင် အဲဒီစိန်တို့ ဘာတို့ အကုန်လုံးဟာ ကျွန်တော်တို့လူတွေရဲ့ ရေရှည်အန္တရာယ်၊ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နိုင်ငံတော်ကနေ ပြီး တော့ ကြပ်ကြပ်မတ်မတ် အထူးလုပ်ဖို့ လိုပါတယ်။ ဒါကို ကျွန်တော်တို့ မလုပ်ရင် ရေရှည်မှာ ကျွန်တော်တို့ဟာ ရတဲ့ပိုက်ဆံ၊ ကုန်ဆုံးသွားတဲ့ ခာတ် သတ္တု၊ ခံစားလိုက်ရတဲ့ ဒုက္ခနဲ့ မကိုက် ညီဘူးလို့ ကျွန်တော် မြင်လို့ အဆိုပြု အကြံပြုပါတယ်။ ဥ က္ကဋ္ဌကြီးခင်ဗျား၊ ဦးနေဝင်းထွန်းရဲ့ အဆိုဟာ အထက်က ကျွန်တော် တင်ပြပြီးခဲ့တဲ့ အတိုင်းပဲ တိုင်းပြည်ဝင်ငွေတိုးရေး၊ နည်းပညာ ကောင်းများရရှိရေး၊ ပြည်သူများအတွက် အလုပ်အကိုင်ရရှိရေး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်တဲ့ အတွက်ကြောင့် အလေးအနက် ထောက်ခံရင်း နိဂုံးချုပ်အပ် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီးရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါပြီ။

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်မှ လွှတ်တော်ဥက္ကဋ္ဌများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒန ယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ အခု ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းရဲ့ ပြ ည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေရေး အဆိုကို ထောက်ခံ တင်ပြရမှာ ဖြစ်ပါတယ်။ကျွန်တော်ရဲ့ ထောက်ခံတင်ပြချက်ကို အနည်းငယ်စာအားဖြင့် ဖတ်ကြား ခြင်းကို ခွင့်ပြုပေးစေလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံအနေနဲ့သာမက သတ္တုကိုအခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လိုတဲ့ နိုင်ငံအဖြစ်လည်း ထူထောင်ရမှာဖြစ် ပါတယ်။ သတ္တုစွဲဝင်နေတဲ့ မြေသားမှာ ခတ်ပြုထားသော မြေဖြစ်၍ မြေဆီလွှာများမှာ မူလ အခြေအနေမှာ စိုက်ပျိုးရန် အခက်အခဲ ရှိနေသော်လည်း သတ္တုတူးပြီး မြေပြုပြင်ပြီးသည့်အခါ၌ မြေဆီလွှာတိုးတက်လာပြီး စိုက်ပျိုးရန်ကောင်းသော မြေဖြစ်လာကာ ဒေသခံပြည်သူများ ဝင်ငွေတိုးတက်လာပါမည်။ သတ္တုတူး ဖော်ပြီး ဧရိယာများ၌ နှစ်တို ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှု အလျင်အမြန်ဖြစ်ပေါ်လာပါမယ်။ သတ္တုမတူး စိုက်ပျိုးမြေ မဖြစ်ဘဲ ရှိနေချိန်မှာ ငွေရလွယ်တဲ့ ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းချက်ခြင်း၊ ဘိန်းကုန်ကူးပြီး ၊ မူးယစ်ဆေး ဝါး လောကသို့ ရောက်ရှိပြီး တရားဥပဒေနဲ့ ဆန့်ကျင်ဘက်သားများဖြစ်ကုန်ကြပါတယ်။ မူးယစ်ဆေး နဲ့ပြည်သူများ ရာဇဝတ်မှုနဲ့ အရေးယူခံရခြင်းဖြစ်လာကာ နိုင်ငံရောပြည်သူပါ အကျိုးယုတ် စေပါတယ်။ အနာဂတ်လူငယ်များ လည်း အမှော င်လမ်းသို့ရောက်ရှိသွားနိုင်ပါတယ်။ ဘိန်းစိုက် ပျိုး ခြင်းကဲ့သို့သော ဥပဒေပြင်ပမှ လုပ်ငန်းများသို့ ပြည်သူများ ရေလိုက်ဆွဲဆောင်ခြင်းမျိုး မဆောင်ရွက် နိုင်မီ သတ္တုတူးဖော်ခြင်း ကဲ့သို့ လုပ်ငန်းများ လုပ်စေခြင်းဖြင့် ပြည်သူများ၏ ဝင်ငွေတိုးစေရန် လည်းကောင်း၊ တူးဖော်ပြီး ဧရိယာများ၌ နှစ်တို နှစ်ရှည် သီးပင်စားပင်များ စိုက်ပျိုး ခြင်းဖြင့် ပြည်သူများ၏ ဝင်ငွေကို ရရှိ စေရန်လည်းကောင်း ဆောင်ရွက်စေသင့်ပါတယ်။ မြ န်မာနိုင်ငံကို စိုက်ပျိုးရေးကိုအခြေခံပြီး ဒီမိုကရေစီနိုင်ငံထူထောင်နေသလို နိုင်ငံတွင်းသယံဇာတ သတ္တုပေါင်းစုံ ကိုလည်း ပြည်သူများက ထုတ်လုပ် သန့်စင်ပြီး နိုင်ငံတကာ ဈေးကွက်သို့ ရောင်းချခြင်းဖြင့်လည်း နိုင်ငံတော်ဝင်ငွေ ပြည်သူများ ဝင်ငွေတိုးစေမည်ဖြစ်ပါတယ်။ သတ္တုကဏ္ဍကို ပြည် သူများပါဝင် ဆောင်ရွက်နိုင်ရေး အတွက် သတ္တုတူးဖော်ခွင့် အတွက် အဆင့်ဆင့်သော ထောက်ခံချက်များ၊ ဥပမာ သတ္တုတွင်း ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သစ်တော ရေးရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်သစ်တော၊ ခရိုင်မြေစာရင်း ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် သစ်တော၊ မြို့နယ်မြေစာရင်း၊ အဆင့်ဆင့်များလွန်းနေသဖြင့် လျှော့ပေါ့၍ အမှန်တကယ် လိုအပ်သောထောက်ခံချက်ဖြင့်သာ ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ ပြည်သူများ သတ္တုကဏ္ဍ ကို စိတ်ဝင်စားလာမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ကောက်ခံတဲ့အခွန်အခ လျှော့ပေါ့ ပေးဖို့ လိုပါတယ်။ အခွန်များ၍လည်း ပြည်သူများမှ သတ္တုကဏ္ဍကို စိတ် ပါဝင်စားမှုနည်းပါးခြင်းလည်း

ပါဝင်ပါတယ်။ ဧကေကွက်များနှင့် လက်လုပ်လက်စား သတ္တုတူးသူများကို ချထားပေးပြီး အခွန်ကို လည်း ဓာတ်သတ္တုခွန်တစ်ခုတည်း ကောက်ခံပါက ပြည်သူများ သတ္တုကဏ္ဍကို ပိုမို စိတ်ဝင်စား လာမှာဖြစ်ပါတယ်။ ယခု အဆိုရှင် ဦးနေဝင်းထွန်း မှ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နှင့် ယင်းဒေသ ပတ်ဝန်းကျင်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုမျိုး ပပျောက်၍ ဘိန်းအ စားထိုးလုပ်ငန်း အဖြစ် သတ္တုတူးဖော်ရေး လုပ်ငန်းလုပ်ကိုင်၍ ဒေသတွင်း လူမှု စီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက် ရေးအတွက် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ် တော်သို့တင်ပြသည့် အကြံပြုတင်ပြ ချက်ကို လွှတ်တော်နှစ်ရပ်မှ နိုင်ငံတော် သမ္မတကြီးထံ ဆက်လက်တင်သွင်းခဲ့ပါတယ်လို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဓာတ်သတ္တုဖြစ်တည်မှုရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ ဟာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တန ်သာရီ တိုင်း၊ စစ်ကိုင်းတိုင်း နဲ့ မန္တလေးတိုင်းတွေမှာ အများအပြား တွေ့ရှိနေတာကို တွေ့ ရှိရပါတယ်။ ဒီသတ္တုတွေဟာ မြေတွင်းမှာရှိနေ တဲ့အခါ အပင် တွေမရှင်သန်စေတဲ့ ဓာတ်သဘာ ဝတွေရှိတဲ့ အတွက် သဘာဝပတ်ဝန်းကျင်မှ ဖြစ်ထွန်းမှုကို ဟန့်တားစေပါတယ်။ အပူဓာတ်ပြုနေတဲ့အတွက် ၎င်း သတ္တုများ မြေတွင်းမှ ထုတ်လုပ် ရောင်းချခြင်းအားဖြင့် စက်မှုကုန်ကြမ်း ဖြစ်စေနိုင် ပါတယ်။ သတ္တုများဖြစ်တဲ့ ရွှေ၊ ကျောက်မီးသွေး၊ ခနောက်စိမ်း၊ ခဲ၊ သွပ်၊ ဝူဖရမ်၊ သံရိုင်းစတဲ့ သတ္တုမျိုး စုံဟာ တိုင်းဒေသကြီး ပြည်နယ် (၈)ခုထဲမှာ စွဲဝင်ဖြစ်တည်နေပါတယ်။ သတ္တုတွေကို တူးဖော် ထုတ်လုပ်ရောင်းချခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းလာခြင်း၊ လက်ရှိဆင်းရဲ နွမ်းပါးမှု လျှော့ချနိုင်ရန် ၄င်းသတ္တုမျိုးစုံကို ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖြစ်စေနိုင်ပြီး နိုင်ငံစီးပွားရေးကိုလည်းတွဲလျက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ အကျိုးစီးပွား ဖြစ်ထွန်းလာသည်နှင့်အမျှ ဘိန်းစို က်ပျိုးခြင်း၊ ဘိန်းကုန်ကူးခြင်း တို့ကို အလိုအလျောက် လျော့နည်း ပျောက်ကွယ်စေနိုင်ပါတယ်။ ဝန်ကြီးဌာနမှလည်း ပြည်သူ့အကျိုးစီးပွားဖြစ်စေရန် သတ္တုတူးဖော်ခြင်း၊ ထုတ်လုပ် ရောင်းချခြင်းများ လုပ်ကိုင်နိုင်ဖို့ အားပေးခွင့်ပြုလျှက်ရှိနေပါ တယ်။ သို့သော်လည်း ပြည်သူတစ်ချို့သာလျှင် နည်းနည်းပါး ပါး နားလည်သဘောပေ ါက် လုပ်ကိုင်လျက်ရှိပါတယ်။ ဒါ့ကြောင့် ပြည်သူအများ ပိုမိုသိရှိသဘောပေါက်ပြီး ၎င်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ အားပေးကူညီခြင်းအားဖြင့် ပြည်သူအကျိုးစီးပွားနှင့် နိုင်ငံ အကျိုးစီးပွားလည်း ပိုမိုဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်အတွင်းပဋိပက္ခဖြစ် အဖွဲ့အစည်းများ လည်း သတ္တုလုပ်ငန်းဖြင့် အကျိုးစီးပွားဖြစ်လာမှုအခြေအနေကောင်းရှုမြင်လာပြီး အားပေးကူညီမှုများ ရှိလာနိုင်ပြီး ငြိမ်းချမ်းရေးလမ်းမပေါ်သို့ လျှော က်လှမ်းလာနိုင်မည်ကို တွေ့မြင် မျှော်လင့်ရတဲ့

အတွက် အကျိုးရှိလာ နိုင်မှာ ဖြစ်တဲ့အပြင် နိုင်ငံ သူ၊ နိုင်ငံသားများဟာ ဥပဒေနဲ့ ကိုက်ညီပြီး နိုင်ငံတော်နဲ့ ပြည်သူတို့ ဟာ သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံရောင်းဝယ်နိုင်ခြင်း၊ ရင် ဘောင်တန်းနိုင်ခြင်း၊ နိုင်ငံတကာ နည်းပညာကိုလည်း ပေါင်းစပ်ဖလှယ်ရယူနိုင်ခြင်း၊ ပြည်တွင်းစက်မှု လုပ်ငန်းအတွက်လည်း တိုးတက်ဖွံ့ဖြိုးစေမှာ ဖြစ်သလို စက်မှုလက်မှု ကုန်ချောလုပ်ငန်း ထုတ်လုပ်ရန် အတွက် ကုန်ကြမ်း အထောက်အကူ အဖြစ်စသည့် ဘက်စုံအထောက်အကူဖြစ်လာစေမှာဖြစ်တဲ့အတွက် ဦးနေဝင်းထွန်းရဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် တင်သွင်းသည့်အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၈။**

**ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင် ဖြ စ်ပါတယ်။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၉) ဦးနေဝင်းထွန်း၏ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အား ဖတ်ကြားခွင့်ပြုပေးပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။နိုင်ငံတော်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး တော်တော်များများတွင် သတ္တု များရှိနေသော်လည်း ပြည်သူအများ သတ္တုရှိနေသည်ကို မသိရှိခြင်း ၊ သိရှိသည့်တိုင်အောင် သတ္တုတူးဖော် ရောင်းချခြင်းဖြင့် အကျိုး ဖြစ်ထွန်းမည်ကိုမသိခြင်း၊ ထုတ်လုပ်မှုနည်းစဥ်များ မသိနားမလည်ခြင်း၊ သတ္တုတူးဖော်၍ စီးပွား ကုန်သွယ်ဆောင်ရွက်ရန် ဗဟုသုတမရှိခြင်း၊ ကုမ္ပဏီထူထောင်၍ တရားဝင်ဆောင်ရွက်ရန် မသိ

နားမလည်ခြင်း၊ မည်သို့ဆက်သွယ်လျှောက်ထားရမည့် လုပ်ထုံး လုပ်နည်းများ နားမလည်ခြင်း တို့ကြောင့် သတ္တုကဏ္ဍ လုပ်ကိုင်ရန် အလွန်နည်းပါးခဲ့ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်သတ္တုကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ အကျိုးကျေးဇူး ခံစားရရှိစေရန်အတွက် သတ္တုတူးဖော် ထုတ်လုပ်ရောင်းချခွင့် လျှောက်ထားခြင်း၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ပြည်သူအများ ချောမွေ့စွာဖြတ်သန်းနိုင်အောင် သက်ဆိုင်ရာဌာနများမှ အကူအညီပေးရန် သတ္တုကဏ္ဍနှင့် ပတ်သက်၍ ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များကို ပြည်သူအများ သိရှိ နားလည်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရန် အောက် ခြေထိရောက်အောင် ထုတ်ပြန် ကြေညာပေးရန်တို့ လိုအပ်ပါ သည်။ သတ္တုလုပ်ကွက်များကိုလည်း ဇကေကွက်များသတ်မှတ်ပြီး အရင်းအနှီး သိပ်မကြီးမားသော နည်းစနစ်များနှင့်လည်း စီမံပေးသင့်ပါသည်။ ပြည်တွင်း၌ သတ္တုကဏ္ဍကို ကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ခြင်းဖြင့် ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အကျိုးသက်ရောက်မှုဖြစ်စေကာ လက်လုပ်လက်စားများ အတွက်လည်း အလုပ်အကိုင် အခွင့် အလမ်းများဖန်တီးပေးနိုင်ကာ လူနေမှုဘ ဝ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သည်။ သို့ဖြစ်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ၏ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါသည် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီးကရင်ပြည်နယ်၊မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဆွေးနွေးနိုင်ပါပြီ။

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှ တ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) ဦးနေဝင်းထွန်းမှ တင်သွင်းတဲ့ မြန်မာနိုင် ငံရဲ့ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် အဆိုကိုလည်း ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ရှေ့က ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားတာ တော်တော့် ကို စုံလင်သွားပြီဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား ။ ကျွန်တော်တို့နိုင်ငံမှာ သင့်တင့် တဲ့ ရာသီဥတု၊ ရေမြေသဘာဝ၊ နောက် ပြီးတော့ သယံဇာတတွေ ပြည့်ဝစုံလင် နေတယ်ဆိုတာ အားလုံးသိကြပါပြီ။ ဒါပေမယ့် ကျွန်တော် တို့နိုင်ငံသည် ဒီနေ့ထိ ဆင်းရဲတဲ့ နိုင်ငံထဲမှာ

စာရင်းဝင်နေပါသေးတယ်။ ကျွန်တော့်အမြင်ကတော့ ကျွန်တော်တို့ နိုင်ငံကလူတွေ အလုပ်မလုပ်ကြဘူး။ အလု ပ်လုပ်ဖို့အတွက် အခွင့်အလမ်းတွေမသိကြဘူး။ အခွင့်အလမ်းတွေ လည်းမရကြဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ အပတ်တုန်းက ကျွန်တော်တို့ ဆွေးနွေးသလိုပဲ ကျွန်တော်တို့နိုင်ငံ အဓိကဆင်းရဲရခြင်း အကြောင်းအရင်းကတော့ နိုင်ငံတော် မတည်ငြိမ်၊ မအေးချမ်းလို့ဆိုတာ မအေးချမ်းဘူးဆိုတဲ့အကြောင်းကြောင့်ဆိုတာ အားလုံးလက်ခံကြပါတယ်။ ဒါပေမယ့် အေးချမ်းပြီးတဲ့ ဒေသတွေ လည်းအများကြီးရှိပါတယ်။ ဒီအေးချမ်းပြီးတဲ့ဒေသမှာ ဖြစ်နိုင်ရင် ကျွန်တော်တို့ ပြည်သူတွေ အလုပ်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းတွေဖန်တီးပေးဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ရှေ့ကကိုယ်စားလှယ်တော် ကြီးများ ဆွေးနွေးတဲ့အတိုင်းပဲ သတ္တုကဏ္ဍနဲ့ ပတ်သက်လာလို့ရှိရင် နိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနက လုပ်ကိုင်ခွင့်တွေချပေးလျှ က်ရှိပါတယ်။ ဒါပေမယ့် လု ပ်ကိုင်သွားတဲ့ ကုမ္ပဏီတော်တော် များများဟာ ကျွန်တော်တို့ သိရသလောက် အရင်းအနှီးများများ ရင်းနှီးနိုင်တဲ့ကုမ္ပ ဏီတွေပဲလုပ်နိုင်ကြတယ်။ ကျွန်တော်တို့ အလယ်အလတ်ကုမ္ပဏီတွေ၊ ပြည်သူတွေတစ်နိုင်တစ်ပိုင် မလုပ်နိုင်ကြသေးပါဘူး။ ခုနတင်ပြသွားသလိုပဲ လုပ်ရမှန်း လည်းမသိ၊ ဘယ်လို လျှောက်ထား ရမှန်းလည်းမသိ ၊ အခွင့်အလမ်းတွေမသိကြလို့ ကျွန်တော် တို့အနေနဲ့ ဦးနေဝင်းထွန်း တင်ပြသွားတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းကို တော်တော်လေးကို မိရိုးဖလာအတိုင်း လုပ်ကြကိုင်ကြပြီး ဒီနေ့တိုးတက်နေ တဲ့ ခေတ်မှာလည်း သိပ္ပံနည်းကျ တော်တော်လေး ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာ ကိုင်တွယ်နိုင်ကြပြီလို့ ကျွန်တော်တို့ သိရပါတယ်။ ဒါပေမယ့် မြေအောက်သယံဇာတ ပစ္စည်းတူးဖော်လုပ်ကိုင်တဲ့ လုပ်ငန်းမှာကြတော့ အများကြီးအားနည်းပါသေးတယ်။ ဒါကြောင့်မို့လို့ လူတိုင်း လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးကို ဖော်ပေးဖို့ ကျွန်တော်တို့နိုင်ငံတော်အစိုးရက အထူးသဖြင့် သတ္တုတွင်းဝန်ကြီးဌာနက လွယ်ကူရှင်းလင်းတဲ့ ဥပဒေကို ပြဋ္ဌာန်းပေးပြီးတော့ အဲဒါမှ ကျွန်တော်တို့ အများစုကပါဝင်ပြီးတော့ လုပ်ဆောင် လာနိုင်မှာဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်လာနိုင်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ခုနက ဆင်းရဲပါတယ်ဆိုတဲ့ကိစ္စတွေဟာ ပပျောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီ ကျွန်တော်တို့ ဒေသလူထုတွေကို အများပြည်သူတွေက လုပ်ကိုင်ခွင့် ရရှိလာတဲ့အချိန်မှာ အများပြည်သူတွေက ချမ်းသာ လာကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သတ္တုပစ္စည်းတွေဟာ တခြားနိုင်ငံခြားမှာ ဆိုလို့ရှိရင် တကယ့်ကုန်ကြမ်းပစ္စည်းတွေဖြစ်တဲ့ တခြားနိုင်ငံခြား နိုင်ငံကလူတွေက ကျွန်တော်တို့ ရဲ့ပစ္စည်းတွေကို အင်မတန်လိုချင်ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီပစ္စည်းတွေကိုဘဲ များများထုတ်နိုင်ဖို့

များများရောင်းချနိုင်ဖို့ အခွင့်အလမ်းကိုဖော်ပေးဖို့ အစိုးရကို ကျွန်တော်တို့ တင်ပြတောင်းဆိုခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဦးနေဝင်းထွန်း တင်ပြသွားတဲ့ မြန်မာနိုင်ငံ သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေရေးအတွက် အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံ ဆွေးနွေးသွားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေ ရှင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၄း၀၇။**

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော် ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင် စုဝန်ကြီး ဦးသိန်းထိုက် ဖြစ်ပါတယ် ။ ဒီနေ့ ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးနေဝင်းထွန်းရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆော င်ရွက်ရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ကို ကျွန်တော် ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီအဆိုနဲ့ ပတ်သက်ပြီး တော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး (၈)ယောက်က ဆွေးနွေးသွားတဲ့ အချက်များကို လည်း အလျဉ်းသင့် သလို ထည့်သွင်းဆွေးနွေးရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ သတ္တုကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်ဆိုပြီးတော့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနေဝင်းထွန်းက သူ့ရဲ့အဆိုပြုချက်အ ပေါ်မှာ အနှစ်ချုပ်ပြီး တင်ပြထားတာရှိပါတယ်။ ဒါကတော့ အချက် (၇)ချက် ဖြစ်ပါတယ်။ ဒီအချက်တွေကို ကျွန်တော့် အနေနဲ့ တစ်ချက်ခြင်း၊ တစ်ချက်ခြင်း ရှင်းလင်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဦးနေဝင်းထွန်းရဲ့ သတ္တုကဏ္ဍစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပြုပြင်ပြောင်းလဲရေး အဆိုပြုချက် ပထမ အချက်ဖြစ်တဲ့ နိုင်ငံအတွင်း သဘာဝအရင်းအမြစ်များအဖြစ် ပေါကြွယ်ဝစွာ တည်ရှိနေသော ရွှေ၊ ကြေးနီ၊ ခဲ ၊ သွ ပ်၊ ခနောက်စိမ်း၊ ခဲမဖြူ ၊ အဖြိုက်နက်၊ ကျောက်မီးသွေး၊ ဒန် အစရှိသော

သတ္တုအရင်းအမြစ်များကို ပြည်သူများ တ စ်နိုင်တစ်ပိုင်မှစ၍ အသေးစား၊ အလတ်စား၊ အကြီးစားတူးဖော်ထုတ်လုပ်မှု ပြုလုပ်ရန်အတွက် မျက်စိပွင့်နားပွင့်လာစေရန် ရှင်းလင်းဆွေးနွေး အသိပညာပေးမှုများ ပြုလုပ်ပေးရန်ဆိုတဲ့ အ ချက်ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ နေရာအနှံ့မှာ ကြေးနီး၊ ခဲ၊ ခနောက်စိမ်း၊ ခဲမဖြူ၊ ရွှေ၊ သံ ၊ သွပ်၊ အဖြိုက်နက်၊ သတ္တု အရင်းအမြစ်များ များစွာဖြစ်ထွန်းလျက်ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ပညာရှင်များ ဓာတု သတ္တုဗေဒပညာရှင်များ၊ ဘူမိဗေဒ ပညာရှင်များက နေရာဒေသ၊ ဒီဒေသအရင်းအမြစ်က ဘယ်လောက်ရှိသလဲဆိုတာတွေကို အသေးစိတ် ထုတ်ဖော်မှတ်တမ်း တင်ထားပြီးဖြစ်ပါတယ်။ အထူးသဖြင့် ယ ခင်တပ်မတော်အစိုးရလက်ထက် ၁၉၉၅ ခုနှစ်ကနေပြီးတော့မှ ယခု ၂၀၁၀ ခုနှစ် အထိ ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ဘူမိဗေဒပညာရှင်များ၊ ဓာတ်သတ္တုပညာရှင်များဟာ နိုင်ငံတော်ရဲ့ အေးချမ်းလာတဲ့ တည်ငြိမ်လာတဲ့ ငြိမ်းချမ်းလာတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ နေရာဒေသအနှံ့အပြားကို သွားရောက် ပြီးတော့မှ သတ္တုအရင်းအမြစ်များ ရှာဖွေခြင်း ယခင်ရှိပြီး သောသတ္တုများကိုအတည်ပြုခြင်း၊ သတ္တုသိုက်ရဲ့ပမာဏများကို ဖော်ထုတ်ခြင်း ၊ အတည်ပြုခြင်း၊ အခြားသောသတ္တုများကို ရှာဖွေခြင်း ဒါတွေကို စနစ်တကျ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ယခင်က မရှိဘူးဆိုသော နေရာတွေမှာ သတ္တုများ ယခင်က အနည်းအကျဉ်းသာရှိတယ်ဆိုတဲ့နေရာတွေမှာ သတ္တုပမာဏများဟာ အများအပြား ရှိကြောင်း၊ အများအပြားထုတ်လုပ်နိုင်ကြောင်း၊ ဒါတွေကို ကျွန်တော်တို့ စနစ် တကျဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်ပါတယ် ။ ဒါနဲ့ပတ်သက်ပြီးတော့ မှ ဒီလို သတ္တုတွေကို အကြီးစား တူးဖော်ထုတ်လုပ်ခြင်း၊ အသေးစားတူးဖော်ထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားခွင့်ပြုခြင်းတို့ကိုလည်း နိုင်ငံ တော်အစိုးရရဲ့ ခွင့်ပြုချက်နှင့် အညီ သတ္တုတွင်းဥပဒေတွေ ထုတ်ပြန်ပြီး တော့မှ စနစ် တကျ သတ်မှတ်ပေးထားပြီးဖြစ်ပါတယ် ။ ဒီလုပ်ငန်းတွေကို အကြီးစားထုတ်တာပဲဖြစ်ဖြစ်၊ အသေးစားထုတ်တာပဲဖြစ်ဖြစ် ၊ ဒေသမှာ လက်လုပ်လက်စား လုပ်တာဘဲဖြစ်ဖြစ် ဒါတွေကို လုပ်ကိုင်နိုင်ဖို့ အတွက် ကျွန်တော်တို့ သတ္တုတွင်း ဝန်ကြီးဌာနက တိုင်းနဲ့ပြည်နယ်အလိုက် ဖွဲ့စည်းထားတဲ့ဌာနများက ဒေသအလိုက် ရှင်းလင်းဆွေးနွေးစေ လျက်ရှိပါတယ်။ အချို့သောဒေသတွေ မှာ အကြိမ်ပေါင်းများစွာ ဆွေးနွေးရှင်းလင်းပြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒီလို ရှင်းလင်းဆွေးနွေးအသိပညာပေးမှုတွေကို ဒေသမှာ ဆွေးနွေးတာတင်မကဘဲနဲ့ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာန ဦးစီးပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနမှာ ဖွဲ့စည်းထားတဲ့ သတ္တုတွင်းဦးစီးဌာနနှင့်ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့မှ လိုအပ်တဲ့

နေရာဒေသတွေကို သွားရောက်ခြင်း ၊ သက်ဆိုင်ရာဒေသခံအဖွဲ့အစည်းများမှ တောင်းဆိုတဲ့ နေရာတွေကိုလည်း သွားရောက်ခြင်း၊ ဒီလိုသွားရောက်တာတွေကို ဆောင်ရွက်ပြီးတော့ ဒေသခံလူထုတွေကိုတွေ့ဆုံခြင်း သတ္တုတူးဖော်ရခြင်း အကြောင်းအရင်း စနစ်တကျတူးဖော်နိုင်ဖို့ လိုအပ်ချက်တွေ တူးဖော်နိုင်တဲ့ဒေသမှာရှိတဲ့ သတ္တုအနေအထားတွေ ဒါတွေကို ချပြရှင်းလင်း ဆွေးနွေးတာတွေကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ဒီ အဆိုကို တင်သွင်းခဲ့တဲ့ ဦးနေဝင်းထွန်းရဲ့ရှမ်းပြည်ဒေသမှာပဲ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အကြံပြုလိုက်တဲ့ အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ ညွှန်ကြားချက်နှင့်အညီ ကျွန်တော်တို့ သတ္တုတွင်းဦးစီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန တို့က ကျွမ်း ကျင်သောပညာရှင်များ ဖွဲ့စည်းပြီးတော့မှ သွားရောက်ပြီး ဒီဒေသခံအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ မှ ဒေသခံ၊ ဒေသသူများကို ရှင်းပြ ဆွေးနွေး သူတို့ပြတဲ့ဒေသတွေမှာ စနစ်တကျ လိုက်လံရှာဖွေ ဖော်ထုတ် ပေးတဲ့အတွက် သတ္တုအသစ်များ အမျိုးအစားများစွာကို ရရှိပြီးတော့မှ ဒေသခံများအနေနဲ့ အလုပ်အကိုင်များ လုပ်နိုင်မယ့် အခွင့်အလမ်း တွေရရှိစေပြီးတော့မှ လုပ်ငန်းကိုင်ငန်းများကို ကျွန်တော်တို့ ဖော်ထုတ်ပေး နိုင်ခဲ့တာဖြစ်ပါတယ်။ နောင် ကိုလည်း မည်သည့်နေရာဒေသမဆို ဒေသခံအဖွဲ့အစည်းတွေက တောင်းဆိုလာလျှင် ဒေသခံလူထုက တောင်းဆိုလာရင်၊ မည်သည့် ကုမ္ပဏီ အဖွဲ့အစည်းကမဆို တောင်းဆိုလာလျှင် ၊ ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး အဖွဲ့အစည်းတွေက လိုလိုလားလားနဲ့ သွား ရောက် ပြီးတော့မှ ဒေသခံလူထု နဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးရန်၊ ဒေသမှာရှိတဲ့ သတ္တု အရင်းအမြစ် များကို ဖော်ထုတ်ပေးရန် ၊ အဆင့်သတ်မှတ်ပေးရန်နှင့် မည်သို့မည်ပုံ စီးပွားရေးအရ လုပ်ဆောင်နိုင်ကြောင်းတွေကို ရှင်းလင်းဆွေးနွေးပညာပေးရန် အသင့်ပြင်ဆင် ထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အဆိုပါ ဒေသခံလူထုမျက်စိပွင့်၊ နားပွင့်လာ စေရန် ရှင်းလင်းဆွေးနွေး အသိပညာပေးမှု များပြုလုပ်ပေးရန်ဆိုတဲ့အချက်သည် ကျွန်တော်တို့ ဝန်ကြီးဌာနက လက်တွေ့ လုပ်ဆောင်နေသောအချက် ဆောင်ရွက် ခဲ့ပြီးတော့မှ ဆက်လက်လည်း ဆောင်ရွက်လျက်လည်းရှိပါတယ်။ နောင်ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ဒုတိယအချက်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း၏ မူလအစ ကုမ္ပဏီထူ ထောင်ခြင်းကို ယခုထက် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန် ဒ့ါအပြင် တတိယအချက်ဖြစ်တဲ့ သတ္တုတူး ဖော်ထုတ်လုပ်ရောင်းချခွင့် လျှောက်ထား ခြင်း၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ပြည်သူများချောမွေ့စွာဖြတ်သန်းနိုင်အောင် သက်ဆိုင်ရာ

ဝန်ထမ်းများ၊သက်ဆိုင်ရာဒေသဆိုင်ရာများ အာဏာပိုင်များမှ ကူညီပေးရန်ဆိုတဲ့ အ ချက်နှစ်ချက်ကို ဆက်လက်ရှင်းလင်း ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်ကိုလည်းပဲ ဖြည့်စွက်ထောက်ခံဆွေးနွေးသွားတဲ့ အဆိုရှင် ဒေါက်တာခင်ရွှေရဲ့ အဆိုပြုချက်နဲ့ တ စ်ပါတည်းကျွန်တော်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီသတ္တု လုပ်ငန်းတွေကို တူးဖော် ထုတ်လုပ်ဖို့အတွက် စနစ်တ ကျ ဆောင်ရွက်နိုင်ရန် အသေးစားတူးဖော်ခြင်းနဲ့ အကြီးစား တူးဖော်ခြင်းတွေလုပ်ဖို့အတွက် ကုမ္ပဏီ တွေထူထောင်ဖို့ လိုအပ်ပါတယ်ခင်ဗျား။ ဒီ ကုမ္ပဏီတွေကို စနစ်တကျထူထောင်ပြီးမှသာလျှင် ကုမ္ပဏီများ လုပ်ရမယ့် လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ငန်းများကိုစနစ်တကျဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လက်လုပ်လက်စားခွင့်ပြုခြင်း လက်လုပ်လက်စားဆိုတာကတော့ ဒေသမှာရှိတဲ့ လူထုက သွားရင်းလာရင်း ၊ ထင်းခွေ ရင်း၊ တောင်ယာလုပ်ရင်း၊ တွေ့ရှိတဲ့ သတ္တုတွေမှာ တွေ့ရှိတဲ့ အပေါ်ကို မူတည်ပြီးတော့မှ သူတို့ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကတော့ဖြင့် ခဲပဲ၊ တန်စတင်ပဲ၊ ရွှေပဲ အစ ရှိသဖြင့် ဒါတွေ တူးဖော်ပြီးတော့ ရောင်းလို့ရတဲ့နေရာမှာ ရောင်းချရင်းနဲ့ တစ်ဆင့်စကား တစ်ဆင့်နားကြားပြီးတော့မှ အချို့သော လူထုတွေပါဝင်လာ ပြီးတော့မှ ဒီနေရာမှာ လက်လုပ် လက်စားလုပ်တဲ့ သဘောလည်း ဖြစ်ပါတယ်။ ဒါတွေကိုလုပ်တဲ့ အခါမှာ ကျွန်တော်တို့ စနစ်တကျမရှိဘဲနဲ့ တွေ့တဲ့ေ ပါက်ကွက်တွေ အပေါ်မူတည်ပြီးတော့ ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဒါကို စနစ်တကျ လုပ် နိုင်ဖို့အတွက် သတ္တုတူးဖော်တဲ့လုပ်ငန်းရှင်များက ဒီသတင်းတွေကို ရရှိပြီးတော့မှ ဒီနေရာကို သွားရောက် လေ့လာပြီးတော့ဒီထက် လက်လုပ်လက်စားတွေကို စုစည်းပြီး ဒီထက်ကြီးတဲ့ လုပ်ငန်းများလုပ်ကိုင်ဖို့ အတွက်အနည်းဆုံးအသေးစားတူးဖော်ခြင်း လုပ်ဖို့အတွက် သူတို့စနစ်တကျဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် သတ္တုတွင်းဝန်ကြီးဌာနမှာ ကုမ္ပဏီများထူထောင်ပြီးတော့ လုပ်ငန်းတွေ လုပ်ရမှာဖြစ်ပါတယ် ။ ကုမ္ပဏီထူထော င်ခြင်းနဲ့ ပတ်သက်တာကတော့ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ကုမ္ပဏီများထူထောင်သွားရမှာ ဖြစ်ပါတယ်။ ဒီကုမ္ပဏီများမှာ သတ္တုတူးဖော် ခြင်းဆိုတဲ့ လုပ်ငန်းခေါင်းစဉ်အောက်က ဆောင်ရွက်သွားဖို့သာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီလိုလုပ်ငန်းကို လက်ရှိ အချိန်မှာ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း လအနည်းငယ် ၊ရက်အနည်းငယ် အတွင်းမှာ အမြန်ဆုံး ကုမ္ပဏီများတည်ထောင်ခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လုပ်ငန်းရှင်များက အလုပ်လုပ်သောသူများက သွားရောက်ဆက်သွယ်ဆောင်ရွက်ဖို့သာ ဖြစ်ပါကြောင်း

တင်ပြအပ်ပါတယ်။ နောက်တစ်ခုက သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ လုပ်ငန်းစဉ်တို့နဲ့ ပတ်သက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လွယ်ကူစွာ၊ မြန်ဆန်စွာ ၊ လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိကာလမှာ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကတော့ ပထမအချက်က သတ္တုတူးဖော်ထုတ်လုပ်မယ့် လုပ်ငန်းရှင်၊ ပုဂ္ဂိုလ်၊အဖွဲ့အစည်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ ကုမ္ပဏီဖွဲ့ဖို့ဖြစ်ပါတယ်။ဒီကုမ္ပဏီဖွဲ့စည်းပြီးတဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ တွေ့ဆုံ ပြီးတော့မှ သတ်မှတ်ထားတာတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကုမ္ပဏီက မူလလုပ်ရမယ့်လုပ်ငန်းဖြစ်တဲ့ ကုမ္ပဏီဖွဲ့မယ်၊ ကုမ္ပဏီမှာ Board of Director အဖွဲ့ကို စနစ်တကျဖွဲ့မယ်။ ပြီးရင် ဒီ ကုမ္ပဏီသည် ငွေရေးကြေးရေးအရ ဘယ်လောက် အာမခံရှိကြောင်း Bank statement ဘဏ်အာမခံချက်တင်မယ်။ နောက်ပြီးတော့ ကုမ္ပဏီသည် ပြစ်မှု၊ ကုမ္ပဏီမှာပါဝင်တဲ့ Board of Directorများသည် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းက ထောက်ခံစာပါမယ်ဆိုရင် သူ့မူလလုပ်ငန်း ပြီးပါပြီ။ အဲဒီတော့ ကျွန်တော်တို့ ကုမ္ပဏီကတော့ လမ်းညွှန်ပေးပါမယ်။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက လမ်းညွှန်ပေးပါမယ်။ ဒီကုမ္ပ ဏီသည် မိမိသတ္တုတူးဖော်လိုတဲ့နေရာမှာရှိတဲ့ သက်ဆိုင်ရာ မြို့နယ်ကို သွားပြီးတော့မှ အဲဒီ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ လိုအပ်သော ထောက်ခံစာများ ကုမ္ပဏီအစီအစဉ်နဲ့ တောင်းခံဖို့သာဖြစ်ပါတယ်။ ဘာတွေ တောင်းခံမလဲဆိုတော့ ကုမ္ပဏီ လုပ်မယ့် သတ္တုတူးဖော်မယ့်နေရာသည် လူနေအိမ်ခြေတွေရှိတဲ့ မြို့ပြနေရာ တွေမဟုတ်ကြောင်း၊ အဲဒီနေရာသည် စိုက်ပျိုးမြေများမဟုတ်ကြောင်း၊ အဲဒီနေရာသည် သစ်တောမြေများ မဟုတ် ကြောင်း၊ အဲ့ ဒီနေရာသည် သာသနာ့မြေ၊ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေနှင့် သုသာ န်မြေများ မဟုတ်ကြောင်းကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာပဲ ကျွန် တော်တို့ယူဖို့ဖြစ်ပါတယ်။ ဒါကို ကုမ္ပဏီက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက် တတိယအချက်ကတော့ ဒီလုပ်ငန်း ပြီးစီးတဲ့အခါမှာ လုပ်ငန်းလုပ်လိုတဲ့ ကုမ္ပဏီအစုအဖွဲ့အစည်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရုံးကို သွားပြီးတော့မှ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်တစ်ခုယူဖို့လိုပါတယ်။ ဒီထောက်ခံ ချက်ကတော့ ဒီအလုပ် လုပ်မယ့် ဒေသသည် လုံခြုံရေးကောင်းခြင်း မကောင်းခြင်း ထောက်ခံပေးဖို့ လိုအပ်ပါမယ်။ နောက်တစ်ခါ ဒီဒေသသည် စိုက်ပျိုးမြေများ မဟုတ်ကြောင်း ထော က်ခံပေးဖို့ လိုအပ်ပါမယ်။ နောက်ဆုံးအချက်ကတော့ ဒီဒေသသည် အနာဂတ်စီမံကိန်း လုပ်ငန်းများနဲ့ ပတ်သက်သော မြေများမဟုတ်ကြောင်း

ထောက်ခံပေးဖို့ ဖြစ်ပါတယ်။ ဒီနှစ်ချက်ကို ရတဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနကို ပြန်လာမယ်ဆိုရင် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ကျွန်တော်တို့က စာချုပ်ချုပ်ဆိုတဲ့အထိ တစ်ပတ်အတွင်း စာချုပ်ချုပ် ပြီးတဲ့အချိန်မှာ ပြည်ထောင်စု ဥပဒေချုပ်ရုံးကို ပေးပို့ရ တာဖြစ်တဲ့အတွက် တစ်ပ တ်၊ အဲဒီတော့ ကျွန်တော်တို့ နှစ်ပ တ်နဲ့ တစ်လအတွင်းမှာ ကျွန်တော်တို့က လုပ်ငန်းများပြီးပြတ်အောင် ဆော င်ရွက်နိုင်ရန် အခု စီမံထား ရှိပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ ဝန်ကြီးဌာနသည် One Stop Service လို့ ခေါ်တဲ့ အချိန်ကာလအတိုဆုံး နဲ့ အမြန်ဆုံး သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်အောင် စနစ်တကျစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ဒေါက်တာဦးခင်ရွှေ ရဲ့ ဖြည့်စွက်ဆွေးနွေးချက်နဲ့ အဆိုရှင် ဦးနေ ဝင်းထွန်းရဲ့ ဆွေးနွေးချက်များမှာ လုပ်ထုံးလုပ် နည်းများဟာ ယခုအခါ မြန်ဆန်လာပြီဖြစ်ပါတယ်။ကျွန်တော်တို့ တခြားသောဝန်ကြီးဌာနများကို ကျွန်တော်တို့အနေနဲ့ ဆက်သွ ယ်သွားစရာမလိုပါ။ စောစောက မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးနဲ့ သက်ဆိုင် ရာတိုင်းဒေသ ပြည်နယ်အစိုးရရုံးများမှာသာလျှင် မိမိလုပ်ဆောင်သင့်တဲ့လုပ်ငန်းများကို စနစ်တကျနဲ့ ဆောင်ရွက်သွားပြီးတော့မှတတိယအဆင့် ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ရန်သာ ဖြစ်ပါကြောင်း၊ အတိုဆုံးနည်းလမ်းဖြစ်အောင်စီမံဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ နောက်တစ်ချက်ဖြစ်တဲ့ သတ္တုထုတ်လုပ်တဲ့ နည်းစနစ်ကို ရပြီးတော့မှ ရောင်းချတဲ့စနစ်မှာ ကျွန်တော်တို့ လွယ်ကူရှင်းလင်းပါတယ်။ ရောင်းချတဲ့စနစ်က ကျွန်တော်တို့ အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့ ထုတ်လုပ်ထားတဲ့ သတ္တုနည်းဥပဒေအရ သတ္တုတူးဖော်တဲ့လုပ်ငန်းများ ဆောင်ရွ က်မယ်ဆိုလို့ရှိရင် သတ္တုက ကျွန်တော်တို့ ကျောက်သတ္တု လေးမျိုးလေးစား ရှိပါတယ်။ တစ်ခုကတော့ဖြင့် ရတနာတန်းဝင် ကျောက်မျက်တွေဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က (၅)ရာခိုင်နှုန်းမှ (၇.၅) ရာခိုင်နှုန်းကို royalty လို့ခေါ်တဲ့ ဓာတ်သတ္တုခွန် နိုင်ငံတော်ကို ပေးသွင်းတာဖြစ် ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အများဆုံးဟာ (၅)ရာခိုင်နှုန်းပဲ နိုင်ငံတော်အတွက် ကောက်ခံလျက်ရှိပါတယ်။ တခြားသော အဖိုးတန်သတ္တု ရွှေ၊ ငွေ၊ ပလက် တီနမ်၊ ယူရေနီယမ် အစရှိတာတွေကတော့ ကျွန်တော်တို့ (၄) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းအထိ ဓာတ်သတ္တုခွန်ပေးရပါတယ်။ နောက် ကျွန်တော်တို့ သံ၊ သံဓာတ်ပါဝင်သော သတ္တုများ၊ ကျွန်တော့်ကို အင်္ဂလိပ်လို သုံးခွင့်ပြုပါခင်ဗျား။ ရှင်းသွားအောင်လို့ပါ။ အဲဒါကတော့ Ferrous Material ဖြစ်ပါတယ်။ စက်မှုလုပ်ငန်းမှာ သုံးတဲ့ သံဓာတ်ပါတဲ့ပစ္စည်းတွေဖြစ်ပါတယ်။အလားတူ ဒီသံ နဲ့တွဲနေတဲ့ သံဓာတ်မဟုတ်သော ပစ္စည်းများဖြစ်တဲ့ Non Ferrous Material ဖြစ်တဲ့ သတ္တုတွေရှိပါတယ်။ ကြေးနီတို့၊ နီကယ်တို့ ဒါတွ

ဖြေစ်ပါတယ်။ အဲဒါတွေအားလုံးကတော့ စက်မှု လုပ်ငန်းသုံး တန်ဖိုးကြီးတဲ့ သတ္တုတွေဖြစ်တဲ့ အတွက်ကြောင့် ဒါတွေကို ကျွန်တော်တို့ (၄)ရာခိုင်နှုန်း သတ္တုတွင်းခွန်ပေးရမှာ ဖြ စ်ပါတယ်။ နောက်တစ်ခါ စက်မှုလုပ်ငန်းသုံးပစ္စည်းဖြစ်တဲ့ ကျောက်မျိုးစုံ၊ ကျွန်တော်တို့ ဒါတွေကိုတော့ဖြင် ့ Lime Stone ထုံးကျောက်အပါအဝင်၊ ကျောက်မီးသွေးအပါ အဝင်၊ ဒါတွေကတော့ဖြင့် နိုင်ငံတော်ကို (၃) ရာခိုင်နှုန်းသာလျှင် သတ္တုခွန် အဖြစ်ပေးဆောင်ရန် သတ်မှတ်ထားတာ ဖြစ်ပါ တယ်။ နောက်တစ်ခါ လုပ်ငန်းတွေလုပ်တဲ့နေရာ မှာလည်း နိုင်ငံတော်ကနေပြီး တော့မှ အကျိုးတူ ဆောင်ရွက်တာဖြစ်တဲ့အတွက် (၃၀) ရာခိုင်နှုန်းမှ (၄၀) ရာခိုင်နှုန်းအထိ သတ်မှတ်ထားတာ ဘဲ ရှိပါတယ်။ဒါကိုလည်းလက်တွေ့ဆောင်ရွက်နေတဲ့ ကုမ္ပဏီအကြီးအငယ်၊ ကျွန်တော်တို့လုပ်ငန်းကြီး အကြီးစားလုပ်ငန်း၊ အသေးစားလုပ်ငန်း အားလုံးက အဆင် ပြေချောမွေ့လျက်ရှိကြောင်း သိရှိ ရ ပါတယ်။ဒါ့ကြောင့် ဒီလုပ်ငန်းများကိုလုပ်တဲ့အခါမှာ သက်ဆိုင်ရာကုမ္ပဏီက မိမိထုတ်လုပ်ထားတဲ့ သတ္တုများကို နိုင်ငံခြား ကိုတင်ပို့ ရောင်းချတဲ့နေရာမှာသာလျှင် သူက ဈေးကောင်းရတဲ့အပေါ် မူတည်ပြီးတော့မှ ရောင်းချတာ ဖြစ်တဲ့အတွက် သူ့သတ္တုတွေ ကိုလှောင်ထားခြင်းအားဖြင့် အချိန်ကြာမြင့်တာပဲ ရှိပါတယ်။ ကျွန်တော်တို့သတ္တုတွင်း ဝ န်ကြီးဌာနနှင့် အခြားသောတာဝန်ရှိ ဌာနများကတော့ဖြင့် ကုမ္ပဏီ များက ရောင်းချလိုတဲ့သတ္တုများကို လပိုင်းအတွင်းမှာအမြန်ဆုံး ရောင်းချနိုင်အောင် ကော်မတီများ ဖွဲ့စည်းပြီးတော့မှ ရောင်း ချခွင့်များပေးလျက်ရှိပါတယ်။ ကြန့်ကြာခြင်းသည် သတ္တုရောင်းချတဲ့ကုမ္ပဏီရဲ့နိုင်ငံတကာသတ္တုပေါက်ဈေးကွက်နှင့် တစ်ဘက် ရောင်းချမယ့် ကုမ္ပဏီရဲ့ ဝယ်ယူခြင်း အပေါ်မှာသာမူတည်ကြောင်း တွေ့ရှိရပါတယ်လို့ တင်ပြအပ် ပါတယ်။ နောက်တ စ်ခါ ကျွန်တော်တို့ သတ္တုလုပ်ငန်းရှင်များအပေါ် လက်ရှိ ကောက်ခံသည့် အခွန်အရ စုစုပေါင်း (၄၀)ရာခိုင်နှုန်းကို (၂၀)ရာခိုင်နှုန်းသို့ လျှော့ ချပေးရန်ဆိုတဲ့ အချက်လည်း နံပါတ်(၆)အနေနဲ့ ပါရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ဒီသတ္တုတူးဖော်တဲ့လုပ်ငန်းများဟာ ဒီလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ အခါမှာ စောစောက ကျွန်တော် တင်ပြခဲ့တဲ့ (၄)မျိုး (၄)စား ခွဲထားပြီးတော့မှ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်ကတော့ဖြင့် အများဆုံး သတ္တုတူးဖော်တဲ့ လုပ်ငန်းများမှာ ရွှေမှအပ ရွှေ၊ ပလက်တီနမ် ကျွန်တော်တို့ အခုတူးဖော်ဖို့ စီစဥ်လျက်ရှိတဲ့ အဖိုးတန်သတ္တု တွေ ဖြစ်တဲ့ Uranium ရှားပါးသတ္တု ၊ ေ မြရှားသတ္တုလို့ခေါ်တဲ့ Rare Earth ၊ နောက်တစ်ခါဒီကနေတစ်ဆင့် ဆင့်ပွားထုတ်လို့ရတဲ့ Radium လို့ခေါ်တဲ့ သတ္တုတွေမှအပ သာမန်သတ္တုများ ကိုတော့ဖြင့် ကျွန်တော်တို့ ၃၀ ရာခိုင်နှုန်းပဲ ကောက်ခံလျက် ရှိပါတယ်။ ကျန်လုပ်ငန်းများကတော့ သက်ဆိုင်ရာ လုပ်ငန်းရှင်များက ဆောင်ရတဲ့ ရောင်း

ဝယ်ခွန်၊ ဝင်ငွေခွန် ဒါတွေအတွက်သာ ဖြစ်ပါတယ် ။ ဒါ့ကြောင့် ဒီလုပ်ငန်းများကို တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့သာ ဆက်သွယ်ဆောင်ရွ က်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပြည်သူများ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာစေရန်အတွက် လုပ်ကွက်ဧရိယာကို ရာထောင်ချီ၍ လျှောက်ထားခြင်းကို ခွင့်မပြုဘဲ တစ်ကွက်လျှင် တစ် ဧက (၁၀)စသည်ဖြင့် သတ်မှတ်ပေးရန် ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုဟာ ယေဘု ယျအားဖြင့် မှန်ကန်သယောင်ယောင်ရှိသော်လည်းပဲ တကယ်တော့ ဒီအဆိုသည် ကျဉ်းမြောင်းသော အယူအဆအဖြစ် တင်ပြသော အဆိုသာ ဖြစ်ပါ ကြောင်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့လုပ်ငန်းတွေလုပ်တဲ့အခါမှာ စောစောကအဆိုရှင်တစ်ယောက်ဖြစ်တဲ့ ဦးစောတော်ပလဲ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ကလည်း ဒေသခံပြည်သူများ အလုပ်အကိုင်များရစေရန် သတ္တုတူး ဖော်မှုကို လူတိုင်းလုပ်နိုင်ရန် ဆိုတဲ့ ထောက်ခံဆွေးနွေးသွားချက်တွေနဲ့လည်း ဆက်စပ် လျက်ရှိပါတယ်။ ဆိုလိုတဲ့ သဘော ကတော့ သတ္တုတွင်းတူတယ်ဆိုတာ လုပ်ငန်းကျွမ်းကျင်မှုလည်း လိုအပ်ပါတယ်။ နည်းပညာ ကောင်းဖို့လည်း လိုအပ်ပါတယ်။ ဒါတွေရှိမှသာလျှ င် လူရယ်၊ နည်း ပညာရယ်၊ နည်းပညာ အဆင့်မြင့်သုံးတဲ့ စက်ကိရိယာတွေရယ်၊ နောက်တ စ်ခါ အရင်းအနှီးရယ် ပြည့်စုံ မှသာလျှင် ဒီသတ္တုလုပ်ငန်းများကို တူးဖော်နိုင်တာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော် စောစောက ရှင်းပြခဲ့ သလို အချို့သော လက်လုပ်လက်စားများကတော့ဖြင့် ဒေသမှာ တွေ့ရှိသလို ဂေါ်ပြားလေးတွေနဲ့ တစ်ပိုင်တစ်နိုင် တူးဖော်ရောင်းတာလည်း ရှိပါတယ်။ ဒီ ဂေါ်ပြားလေးတွေနဲ့ တ စ်ပိုင်တစ်နိုင် တူးဖော်ရောင်းရင်းမှ ဒီဒေသမှာ ဒီလိုအမျိုးအစားသတ္တုသိုက်တွေရှိတယ်ဆိုတာ သိရှိရပြီးတော့မှ ကျွမ်းကျင်တဲ့ပညာရှင်တွေက သွားရောက်လေ့လာ ဖော်ထုတ်မှသာ သတ္တု သိုက်ရှိကြောင်း သိရခြင်းဖြစ်ပါတယ်။ လက်လုပ်လက်စားများကတော့ (၅)ပေ (၁၀)ပေထက် ပိုတူး နိုင်တာ မရှိပါဘူး။ သတ္တုရဲ့ သဘောတရားက မြေဆီလွှာပေါ်မှာ ရှိသလို မြေကြီးရဲ့အောက်အလွှာ ၊ နောက်အနက်နဲ့ နောက် အောက်အထိ ပေ ထောင်ပေါင်း ရှိတဲ့အထိကို သတ္တုတွင်းများကို တူးဖော်ရတယ်ဆိုတာကို ကျွန်တော် တို့ သိပါတယ်။ ဟင်းလင်းဖွင့် Open Card နောက်ပြီး တော့မှကျွန်တော်တို့အောက်ခြေအဆင့်ဖြစ်တဲ့ Vertical Shark Bare Side နည်း၊ နောက်တစ်ခါ ကျွန်တော်တို့ Underground Tunneling လို့ခေါ်တဲ့ မြေအောက်လိုဏ်ခေါင်းများ တူးတဲ့ တူးဖော်နည်း ဒီလိုနည်းစဥ်တွေကိုလည်း အဆင့်ဆင့်စနစ်တကျ အကုန်အကျများစွာနဲ့ တူးဖော်ပြီး ထုတ်လုပ် ရတဲ့ လုပ်ငန်းစဥ် ဖြစ်ပါ တယ်။ ဒါ့ကြောင့် ဒေသခံပြည်သူများက လက်လုပ်လက်စား

တစ်ပိုင်တစ်နိုင် တူးဖော်ထုတ်လုပ်ခြင်း ရှိသလို စီးပွားဖြစ်ထုတ်မယ်ဆိုရင်တော့ အသေးစားနှင့် အကြီးစားထုတ်လုပ်ခြင်းကသာလျှင် မှန်ကန်မှုရှိမှာဖြ စ်ပါတယ်။ အထူးသဖြင့် သတ္တုလုပ်ငန်း သဘောတရားအရ အကြီးစားထုတ်လုပ်ခြင်းကို လုပ်မှသာလျှင် ဆောင်ရွက်တဲ့ ကုမ္ပဏီ၊ လုပ်ငန်း အဖွဲ့အစည်းရော၊ နိုင်ငံတော်ရော အကျိုးရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ဒီလုပ်ငန်းအဖွဲ့အစည်း ကုမ္ပဏီများမှာ စောစောက လက်လုပ်လက်စားများက ဝင်ရောက်အလုပ် လုပ်ကိုင်ခြင်းအားဖြင့် လက်လုပ်လက်စား ဒေသခံများလည်း လုပ်ငန်းများကို ရရှိအဆင်ပြေပြီး တော့မှ သူတို့ရဲ့ စားမှုနေမှု၊ ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးများလည်း အဆင့်မြင့် တိုးတက်လာမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ဒါ့ကြောင့် တင်ပြပါလုပ်ကွက်ဧရိယာကို (၁)ဧက၊ (၁၀)ဧက စသည်ဖြင့် သတ်မှတ်ပေးတာရှိသလို အကြီးစားလုပ်ငန်းများမှာတော့ ကျွန်တော်တို့ ဧကရာနဲ့ထောင်နဲ့ချီပြီး သတ်မှတ်ပေးရတာရှိပါတယ်။ အသေးစားသတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှာတော့ဧက(၅၀) အောက် ကျွန်တော်တို့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါကို ကျွန်တော်တို့ သတ္တုတွင်းဥပဒေအရ သတ္တုအကြီးစားထုတ်လုပ်ခြင်းဆိုသည်မှာ ဧက (၅၀)အထက် ရင်းနှီးမြှု ပ်နှံမှုနှင့် ကုန်ကျစရိတ် အများအပြား လိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်များ၊ နည်း စနစ်များ အသုံးပြုရန် လိုအပ်သည့်ထုတ်လုပ်ခြင်းကို ဆိုလိုပါသည်ဆိုပြီးတော့မှ ကျွန်တော်တို့ အတိအကျ ဖော်ပြထား ပါတယ်။ အလားတူ အသေးစားထုတ်လုပ်ခြင်းဆိုသည်မှာ ဧက (၅၀)အောက် ရင်းနှီး မြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် သို့မဟုတ် အထူးနည်းပညာရပ်များ၊ နည်းစနစ်များ အသုံးပြုရန် မလိုအပ်သည့်ထုတ်လုပ်ခြင်း ဖြစ်ပါသည် ဆိုပြီးတော့မှ သတ်မှတ်ပေးထား တာဖြစ် တဲ့အတွက် သက်ဆိုင်ရာ သတ္တုအမျိုးအစား သတ္တုရဲ့ပမာဏ တ စ်နည်းအားဖြင့် သတ္တုသိုက်ပေါ် မူတည်ပြီး တော့ အကြီးစားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ အကြီးစားအတွက် ဧက (၅၀)အထက် သတ်မှတ်ပေးရခြင်း၊ အသေးစားထုတ်လုပ်ခြင်းအတွက် ဧက (၅၀)အောက် သတ်မှတ်ပေးရခြင်း ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါ တယ်။ ထို့ကြောင့်အဆိုပါ တစ် ကွက်လျှင် (၁)ဧက၊(၁၀)ဧက ဆိုသည့်အချက်ကတော့ စီးပွားဖြစ်ထုတ်လုပ်ရန် ခက်ခဲတဲ့အတွက် အသေးစား နှင့် အလတ်စားထုတ်လုပ်ခြင်းသည်သာလျှင် စီးပွားဖြစ်ထုတ်လုပ်နိုင်ပြီး တော့မှ ထုတ်လုပ်တဲ့ ကုမ္ပဏီလုပ်ငန်းအစုအဖွဲ့အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် လည်းကောင်း အကျိုး ကျေးဇူးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ၊ သတ္တုသယံဇာတများကို စနစ်တကျ အသုံး ပြုနိုင်ရေး၊ ပြည်ထောင်စုအစိုးရ အဖွဲ့လမ်းညွှန်မှုနှင့်အတူ စီမံ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ၊ သယံဇာတအားလုံးကို တာဝန်ရှိသည်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို လုပ်ငန်းတွေ လုပ်တဲ့အခါမှာ ပြည်တွင်းလုပ်ငန်းရှင်များကို ကျွန်တော်တို့ ဦးစား ပေးလျက်ရှိပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်အများအပြားပေါ်ပေါက်လာဖို့ကိုလည်း ကျွန်တော် တို့ တိုက်တွန်းနှိုးဆော် ကြိုဆိုလျက်ရှိပါတယ်။ အလားတူ ပြည်ပမှ လုပ်ငန်းရှင်များနှင့် နိုင်ငံခြား မှ တိုက်ရိုက်ရင်းနှီးမြှု ပ်နှံမှု၊ တစ်နည်းအားဖြင့် Foreign Direct Investment လုပ်ငန်းကြီးများ ကိုလည်း ကျွန်တော်တို့ ကြိုဆိုလျက်ရှိပါတယ်။ ဒီလို ပြည်တွင်းလုပ်ငန်းရှင်များက တ စ်ပိုင်တစ်နိုင် လုပ်ဆောင်ရင်း နဲ့ သူတို့နဲ့အတူ Joint Venture လို့ခေါ်တဲ့ နိုင်ငံခြားမှပညာရှင်များ ပါဝင် ဝင်ရောက် ဆောင်ရွက်တာကိုလည်း ကျွန်တော်တို့ ကြိုဆိုခွင့်ပြု ပေးလျက်ရှိပါတယ်။ ဒီလို လုပ်ခြင်းအားဖြင့် ပြည်တွင်းလုပ်ငန်းရှင်ရဲ့ အရင်းအနှီး၊ နိုင်ငံခြားသား ပညာရှင်များရဲ့နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်မှုကို အသုံးချပြီးတော့မှ သတ္တုတူးဖော်မှုလုပ်ငန်း များမှာ စနစ် တကျပိုမို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူ ပြည်ပရင်းနှီး မြှုပ်နှံမှုများကိုလည်း ကျွန်တော်တို့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကြိုဆိုလျက်ရှိပါတယ်။ ယခုအခါ ကျွန်တော်တို့ရဲ့ အိမ်နီး ချင်းနိုင်ငံကြီးများအပြင် ဥရောပနိုင်ငံအချို့မှလည်း ကျွန်တော်တို့ နိုင်ငံအတွင်းမှာ သတ္တုလုပ်ငန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများ မြှုပ်နှံပြီးတော့ အကြီးစားလုပ်ငန်း များဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မည်သည့်ပြည်တွင်းမှ လုပ်ငန်းရှင်မဆို၊ အဖွဲ့အစည်းမဆို၊ အသင်းမဆို၊ သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုပါက ကျွန်တော်တို့ ဝန်ကြီးဌာနက လုပ်ထုံး လုပ်နည်းများနှင့်အညီ အဖက်ဖက်မှ အားပေးကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နောင် ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း တင်ပြ အပ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီလိုလုပ်ငန်းတွေ ဆောင်ရွ က်တဲ့အခါမှာ နိုင်ငံတော်မှ ရရန်သတ်မှတ်ထားတဲ့ အခွန်အခများကိုလည်း အပြည့်အဝရရှိရေး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းရှင်များက မိမိလုပ်တဲ့ လုပ်ငန်းများကို နိုင်ငံတော်ရဲ့ ခွင့်ပြု ချက်နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်တဲ့အခါမှာ နှစ်ဖက် သဘောတူ စာချုပ်များကို ချုပ်ရပါတယ်။ အဲဒီအခါမှာ ဒီစာချုပ်မှာပါတဲ့အတိုင်း လုပ်ငန်းများကို Prospecting လို့ခေါ်တဲ့ စမ်းသပ်ခြင်း၊ Exploration လို့ခေါ်တဲ့ ဓာတ်သတ္တုရှာဖွေခြင်း၊ ပြီးတော့ ကျွန်တော်တို့ Possibility လို့ခေါ်တဲ့လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းများကို စနစ်တကျ လုပ်ရပါတယ်။ ဒီလိုလုပ်တဲ့

အခါမှာ ကာလသတ်မှတ်ပေးထားတာရှိပါတယ်။ ဒီကာလအတိုင်းကို စာချုပ်ပါ အတိုင်း လုပ်ငန်းရှင်များက စနစ်တကျ လုပ်ရပါတယ်။ အကယ်၍ အမျိုးမျိုးသော အကြောင်း ကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိပါကလည်း နှောင့်နှေးကြန့်ကြာမှု ကာလကို တောင်းဆိုနိုင်ပါ တယ်။ ဒါကို ကျွန်တော်တို့ ဝန်ကြီးဌာန က စိစစ်ပြီးတော့မှအဖွဲ့နဲ့ စိစစ်ပြီးတော့မှ ပေးသင့် ပေးထိုက်တဲ့ ကာလများကို တိုးမြှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဒီလို လုပ်တဲ့အခါမှာ လုပ်ငန်းပြီးမြောက်နိုင်လို့ လုပ်ငန်းပြီးမြောက်နိုင်စွမ်း ရရှိ ပြီးတော့မှ စာချုပ်များ ချုပ်ဆို လုပ်ငန်း ဆောင်ရွက်တဲ့ အခါမှာလည်း နိုင်ငံတော်ကို ဓာတ်သတ္တုခွန်ဘယ် လောက်သွင်းရမယ်၊ ရရှိတဲ့ သတ္တုပေါ် မူတည်ပြီးတော့မှ အချိုးအစား ဘယ်လောက်သွင်းရမယ်ဆိုတာ လုပ်ငန်းရှင်၊ ကုမ္ပဏီ ပိုင်ရှင်၊ အစုအဖွဲ့ပိုင်ရှင်များရဲ့ ဆန္ဒသဘောတူညီချက် နဲ့ စာချုပ်များ ချုပ်ဆိုတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကတိကဝတ်များကို စာချုပ်ဖြင့်သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒီ ကတိကဝတ် များကို လုပ်ငန်းရှင်များကလည်း ပေးသွင်း ရမှာဖြစ်ပါတယ်။ ဥပမာ ရွှေ သတ္တုလုပ်ငန်းရှင်များ ဖြစ်ပါတယ်။ ဒီ လုပ်ငန်းရှင်များဟာ အသေးလက်လုပ် လက်စား လုပ်ငန်းရှင်များကိုတော့ အချိုးအစား စာချုပ်ချုပ် ဆိုခြင်း မရှိပါဘူး။ သက်ဆိုင်ရာဒေသရဲ့ အစီအမံနဲ့ ဆောင်ရွက်တဲ့ အပေါ်မှာ ကျွန်တော်တို့ က အတည်ပြုပေးခြင်း လည်း ဖြစ်ပါတယ်။ သို့သော် ဒီလက်လုပ် လက်စားများကတွေ့ရှိတဲ့လုပ်ငန်းအပေါ် မူတည် ပြီးတော့မှ လုပ်ငန်းရှင်က သူ့အတွက် အကျိုး စီးပွားဖြစ်ထွန်းမယ်လို့ ယူဆပြီးတော့မှ ကွင်းဆင်း လေ့လာဆောင်ရွက် ပြီးတော့မှ ထိုက်သင့်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ အသေး စားလုပ်ငန်းများကို လျှောက်ထား လာတဲ့အခါမှာ ကျွန်တော်တို့ က လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ခွင့်ပေးပါတယ်။(၃)နှစ်ပေးပါတယ်။ (၃)နှစ်အတွင်း မှာ လုပ်ငန်းရှင်က နှစ်စဉ်နှ စ်စဉ် နိုင်ငံတော်ကို အချိုးအစားနဲ့အညီပေးပါ့မယ်လို့ ကတိကဝတ် ပြုရတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီလိုကတိကဝတ်ပြုထားတဲ့အတိုင်း ရွှေထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေက မိမိရဲ့ ကတိကဝတ် နဲ့အညီ တစ်လကို (၂)ကျပ်သားနှုန်းနဲ့ တစ်နှစ်ကို (၂၄)ကျပ်သား ပေး သွင်းရတာ ဖြစ်ပါတယ်။ သို့သော်လည်း လုပ်ငန်း ရှင်တချို့သော လုပ်ငန်းရှင်များ သည် မိမိတို့ရဲ့ ကတိကဝတ် အတိုင်း၊ ကတိကဝတ်ကို လိုက် နာပြီးတော့မှ အပြည့် အဝပေးသွင်းသလို တချို့သော လုပ်ငန်းရှင်များ ကတော့ နည်းမျိုးစုံအကြောင်းပြ ပြီးတော့မှ ရွှေများကို နိုင်ငံတော် အတွက်ပေးသွင်းခြင်း မရှိတာ ကို စိစစ်တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဒါကိုလည်းပဲ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက ဝင်ရောက် စာရင်းစစ်ဆေးပြီးတော့မှ လိုအပ်တဲ့အရေအတွက် များကို စနစ်တကျ ဖော်ထုတ် သတ်မှတ်ပေး

တဲ့အတွက် လက်ရှိအချိ နှမ်မှာ ကျွန်တော်တို့ သတ္တုတွင်း ဝန်ကြီးဌာနသည် ရွှေတူးဖော်တဲ့ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို ပေးသွင်းရန်ရှိတဲ့ ရွှေများ၊ အချိုးများကို နိုင်ငံတော်ကိုပေးသွင်းဖို့ စနစ်တကျတွန်းတွန်းတိုက်တိုက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုလည်း ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများက သိရှိသဘော ပေါက်ပြီးတော့ ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်နေတဲ့နေရာမှာ သက်ဆိုင်ရာ မိမိတို့ရဲ့မဲဆန္ဒနယ်အလိုက် ရွှေလုပ်ငန်းရှင်များကိုလည်း နိုင်ငံတော်အတွက် ပေးသင့်ပေးထိုက်တဲ့ ရွှေများကို ပေးသွင်းဖို့ တွန်းအားပေးဖို့ရန် တိုက်တွန်းမေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့တွေဟာ မသွင်း တဲ့အချက် ပေါ်မူတည်ပြီးတော့မှ ယခုအခါ ယခုလာမယ့် ယခုရောက် ရှိနေတဲ့ ၂၀၁၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ် မှာလည်း အဲဒီလို မလိုလားအပ်တဲ့ အရှုပ်အရှင်းမျိုး မဖြစ် အောင်အတွက် ရွှေလုပ်မယ့် လုပ်ငန်းရှင်တွေဟာ မိမိလုပ်မယ့်လုပ်ငန်းအပေါ် မူတည်ပြီးတော့မှ (၁)လကို (၂)ကျပ်သားနှုန်းနဲ့ (၁)နှစ်ကို(၂၄)ကျပ်သားကြိုတင်ပေးသွင်းဖို့ သတ်မှတ်ပြီးတော့မှ ဆောင်ရွက်လျက် ရှိနေပါ တယ်။ ဒါကိုလည်း နိုင်ငံတော်အကြီး အကဲအစိုးရအဖွဲ့ကို တင်ပြပြီး တော့မှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်မှသာလျှင် လုပ်ငန်းရှင်က မိမိတူးဖော်မယ့်နေရာ မှာ မိမိအတွက် အကျိုးအမြတ်ရှိမယ်လို့ယူဆရင်၊ ယုံကြည်ရင်၊ စာချုပ်ပါအတိုင်း အချိုးအဆ ပေးပြီးတော့မှ တူးဖော်ဖို့ဖြစ်ပါတယ်။ တကယ်လို့ မိမိတူးဖော်မည့်နေရာသ ည် မိမိပေးမယ့် အတိုင်း မရှိနိုင်ဘူး လို့ယူဆရင် စာချုပ်ကိုစောစောစီးစီး ရုပ်သိမ်းပြီးတော့မှ လုပ်ငန်း ဆောင်ရွက်ခွင့် ရပ်ဆိုင်း သွားဖို့ ဖြစ်ပါတယ်။ သို့သော်လုပ်ငန်းကိုလည်း မရပ်ဆိုင်းဘူး။ ရွှေကို လည်းမသွင်းဘူး ဆိုလို့ရှိရင်တော့ သတ်မှတ်တဲ့ ကတိကဝတ်ကိုမညီတဲ့အတွက် ဒီလုပ်ငန်းရှင်များကို စာချုပ်အတိုင်း၊ စည်းကမ်းများ အတိုင်း အရေးယူဆောင်ရွက်သွားဖို့ စီမံထားရှိပါတယ် ။ ဒါ့ကြောင့် လုပ်ငန်းရှင် များက ရွှေနဲ့ ပတ်သက်ပြီးတော့ တူးဖော်တာကို ကျွန်တော်တို့ အားပေးပါတယ်။ အားပေး သလို နို င်ငံတော် အတွက် ပေးသွင်းရမယ့် ရွှေအချိုးများကိုလည်း စာချုပ်ပါအတိုင်း အပြည့်အဝပေးသွင်းဖို့ လိုအပ် ပါတယ်လို့ တင်ပြလိုက်ရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင်မှာ သတ္တုလုပ်ငန်းကို မဆို တူးဖော်တဲ့အခါမှာ ယခုကြုံတွေနေရတာက အများစုက အရိုင်းအတိုင်းတူးဖော်ပြီး ပြည်ပကို အရိုင်းအတိုင်းတင်ပို့ရောင်းချတဲ့စနစ်ဖြစ်ပါတယ်။အချို့သောဖြည့်စွက်ဆွေးနွေးသော ပုဂ္ဂိုလ်များ တင်ပြသလို တချို့ကလုပ်ကွက်တွေယူပြီးတော့မှ ကိုယ်တိုင်မထုတ်ပဲနဲ့ ဘေးမှလက်လုပ်လက်စား များထံက သတ္တုများကိုဝယ်ယူပြီးတော့မှ အစိုးရထံသွင်းခြင်း၊ ပြည်ပရောင်းချခြင်းတွေ လုပ်နေ တယ်လို့ တင်ပြထားတာ ရှိပါတယ်။ ကျွန်တော်တို့လည်း အထိုက်အလျောက် ဒီသတင်းများကို

ကြားသိရပါတယ်။ သို့သော် ဒီသတ္တုတူးတဲ့ လက်လုပ်လက်စားများဆိုတာ ဒီသ တ္တုတူးဖော်မယ် လို့ လုပ်ခွင့်ကို ရယူထားတဲ့နေရာနဲ့ ဒီပတ်ဝန်းကျင်မှာ လက်လုပ်လက်စားအဖြစ် တူးနေခြင်း သာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ အသေးစားလုပ်ငန်းဖြစ်တဲ့ အတွက် မည်သည့်လုပ်ငန်းပဲလုပ်လုပ် ကျွန်တော်တို့ကတော့ ဒီဒေသကထွက်တဲ့ သတ္တုတွေဖြစ်တဲ့အတွက် ဒီဒေသမှာ ထုတ်လုပ်ပြီး တော့ သတ္တုလုပ်ငန်းရှင် အသေးစား လေးတွေက လက်လုပ်လက်စားလေးတွေက သူထုတ်လုပ်ရရှိတဲ့ သတ္တုများကိုဘယ်ကိုပဲသွားရောင်းရောင်းဒီဒေသမှာရှိတဲ့ကုမ္ပဏီကိုပဲရောင်းရောင်း၊ အခြားဒေသ မှာရှိတဲ့ကုမ္ပဏီကိုပဲရောင်းရောင်း ထုတ်လုပ်တာဟာထုတ်လုပ်ခြင်းသာ ဖြစ်ပြီးတော့မှ သူထုတ်လုပ် လို့ ရောင်းချတဲ့သတ္တုကို ကုမ္ပဏီက ဝယ်တာပဲဖြစ်ဖြစ်၊ အချိုးအစားနဲ့ ပေးတာပဲဖြစ်ဖြစ် သက်ဆိုင်ရာ ကုမ္ပဏီ အဖွဲ့အစည်းက လက်ခံပြီးတော့မှ သူ့အချိုးအစားအတိုင်း နိုင်ငံတော် ကို ပေးသွင်းခြင်း၊ သူပိုလျှံများကို ပြင်ပကို ရောင်းချခြင်းများကို ကျွန်တော်တို့အနေနဲ့ အထူး အလေးထားပြောကြားရန် မရှိပ ါကြောင်း တင်ပြအပ်ပါတယ်။ ကုမ္ပဏီရဲ့ လုပ်ငန်းစဉ်သာ ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနမှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စစ်ဆေးရေးအရာရှိချုပ် ဖြစ်ပြီးတော့မှ ဒီလုပ်ငန်းများကို နှစ်စဉ် နှစ်စဉ် စစ်ဆေးရပါတယ်။ ယခုအခါ ၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်က စပြီးတော့မှ စစ်ဆေးခြင်း လုပ်ငန်းများကို ကျွန်တော်တို့ စနစ်တကျနဲ့ ပိုပိုပြင်ပြင် စစ်ဆေးကြပ်မတ်နိုင်ရေး ဆောင် ရွက် သွားမည် ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ နောက်တစ်ခုကလည်း သတ္တုတွေကို အရိုင်းအတိုင်း တူးဖော်ပြီး ပြည်ပကို ရောင်းချခြင်းထက် ပြည် တွင်းမှာ အဆင့်မြှင့်ခေတ်မီသော နည်းစနစ် အဆင့်တက် ပြုပြင်ခြင်း စနစ်တွေကို လုပ်ဆောင်စေပြီးတော့မှ အနည်းဆုံးတော့ သ တ္တုသန့်စင် အဖြစ် နိုင်ငံခြားကို ရောင်းချနိုင် ရေးအတွက် ကျွန်တော်တို့ တွန်းအားပေး ဆောင်ရွက်လျက်ရှိ ပါတယ်။ တ စ်နည်းအားဖြင့် သတ္တုအသေးစားလုပ်တဲ့ လုပ်ငန်းရှင်တွေ ကိုယ်တိုင်ကလည်း ပြည်တွင်းမှာစက်ရုံလေးများကို တည်ဆောက်စေပြီး တော့မှ တ စ်ပိုင်တစ်နိုင် သတ္တုသန့် စင်တဲ့ လုပ်ငန်းအနည်းဆုံး (၅၀)ရာခိုင်နှုန်း သန့်စင်တဲ့လုပ်ငန်းရောင်းချနိုင်ရေး တွန်းအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို လုပ်ခြင်းအားဖြင့် သတ္တုအရိုင်းကို ရောင်းချခြင်းသည် မူလသတ္တုရဲ့တန်ဖိုးရဲ့ (၁၀)ရာခိုင်နှုန်း အောက်သာရရှိပြီးတော့မှ သတ္တုသန့်စင် ထုတ်လုပ်ရောင်း ချမယ်ဆိုရင် ရောင်းရတဲ့ရာခို င်နှုန်းရဲ့ မူလသတ္တု တန်ဖိုးရဲ့ အပြည်ပြည်ဆိုင်ရာ ပေါက်ဈေးရဲ့ (၄၀)ရာခိုင်နှုန်းမှ (၅၀)ရာခိုင်နှုန်းရရှိနိုင်ကြောင်း သူတို့ကို ကျွန်တော်တို့ နည်းပညာများ တွန်းအားပေး ဖြည့်ဆည်းပေး ဆောင်ရွက်စေလျက်ရှိပါတယ်။ အလားတူပဲ နိုင်ငံခြားကုမ္ပဏီများ

ကိုလည်း ကျွန်တော်တို့နိုင်ငံမှာ လာပြီးတော့ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်တဲ့အခါမှာ ခေတ်မီ အဆင့်မြင့် စက်ရုံ များကိုသာ ဆောက်လုပ်ရန် ဥပဒေနဲ့အ ညီ ဆောင်ရွ က်လျက်ရှိပါတယ်။ သူတို့ နိုင်ငံက နှစ်အနည်းငယ် အသုံးချပြီးတဲ့စက်ရုံများ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ လာရောက် ဆောက်လုပ်ပြီးတော့ သတ္တုတူးဖော်မယ့် တူးဖော် လုပ်ဆောင်ခြင်းကို ကျွန်တော်တို့ ခွင့်မပြု ကြောင်းအတိအလင်း ဆွေးနွေးပြောကြား လျက်ရှိပါတယ်။ တ စ်နည်းအားဖြင့် ကျွန်တော်တို့နဲ့ ပေါင်းစပ်ပြီးလုပ်မယ့် နို ငံငံခြားကုမ္ပဏီများသည် ခေတ်မီ အဆင့်မြင့် စက်ရုံများကိုသာ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တည်ဆောက်ရင်းနှီး မြှုပ်နှံ ဆောင်ရွက်ဖို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ဒါ့အပြင် ဒီသတ္တုတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်တဲ့ အခါမှာ တူးဖော်ထုတ်လုပ်တဲ့ သဘာဝပတ်ဝန်းကျင်သည် ထိခိုက်မှုများကတော့ အနည်းနှင့် အများ ဖြစ်ပေါ် လျက်ရှိပါတယ်။ ဒီလို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကိုလည်း အနည်းဆုံး ဖြစ်စေ ပြီးတော့မှမူရင်းအတိုင်း ပြန်လည် ကောင်းမွန် စေရန်အတွက် လုပ်ဆောင် ရမယ့်လုပ်ငန်းစဥ်များကို ဥပဒေနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါတယ်။ စာချုပ်စာတမ်း နဲ့ချုပ်ဆိုပြီးတော့ လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာလည်း ဒီစာချုပ်စာတမ်းထဲမှာ စနစ်တကျထည့်သွင်း ဖော်ပြ ထားလျက်ရှိပါတယ်။ ဒီလုပ်ငန်းကိုလည်း အသေးစားလုပ်ငန်းဖြစ်စေ၊ အကြီးစားလုပ်ငန်း ဖြစ်စေ အခုလာမယ့် ၂၀၁၁ခုနှစ် ဘဏ္ဍာရေးနှစ် က စတင်ပြီးတော့မှ သတ္တုတွင်းဝန်ကြီးဌာန သတ်မှတ်ထားတဲ့ စစ်ဆေးရေးအဖွဲ့ များဖြင့် စစ်ဆေး ပြီးတော့မှ စနစ်တကျ ဖြစ်စေရန် ကြပ်မတ် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ဒါ့အပြင်ဒီဒေသတွေမှာသစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများပြန်လည် ထူထောင် စေခြင်းတို့ကို လည်း ဥပဒေ နှင့်အညီ ဆောင်ရွက် သွားမှာ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ကြီးကို စက်မှုနိုင်ငံတော်အဖြစ် ထူထောင်တဲ့နေရာမှာ သတ္တုတွင်းထွက်၊ ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ခြင်း၊ တစ်ဆင့်ထက်တစ်ဆင့် ပြုပြင်ဆောင်ရွက်ခြင်း၊ ဒီလုပ်ငန်းတွေဟာ အရေးကြီးသော လုပ်ငန်းစဥ်တစ်ရပ် ဖြစ်ပါ ကြောင်းနှင့် ဒီလုပ်ငန်းစဥ်ကို စနစ်တကျ ပီပီပြင်ပြင် ဖြစ်အောင် နိုင်ငံတော် နှင့်နိုင်ငံသားတွေရဲ့ အကျိုးစီးပွားဖြစ်အောင် ကျွန်တော်တို့ အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း အသိပေး ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဝင်းထွန်း ရဲ့ အဆိုနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးကအသေးစိတ် ရှင်းပြသွားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဒေါက်တာဗညားအောင်မိုးရဲ့ ဆွေးနွေးချက်အရလည်း သတ္တုတူးဖော် ခြင်းလုပ်ငန်းရဲ့ အန္တရာယ် တွေကို ရှ င်းရှင်းလင်းလင်း ထောက်ပြသွားတာ ရှိပါတယ်။ ဒါ့ ကြောင့် သတ္တုတွင်းလုပ်ငန်းဆိုတာဟာ တစ်ဧကေကွက်လေးတွေ ဆယ် ကွက်လေးတွေနဲ့ ဖြစ်သလို ဖြစ်ကတတ်ဆန်း လုပ်ရတဲ့ကိစ္စတွေ မျိုးမဟုတ်ဘဲ သတ္တုတွင်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ဖို့ လိုအပ်တာတွေ ရှိရပါ တယ်။ ဒါ့အပြင် အစိုး ရနဲ့လုပ်ငန်းရှင်ခွဲဝေတဲ့ နှုန်းထား များ လည်း သ ဘောတူညီမှုမရရှိပါဘူး။ အခွန်အကောက်ဆိုင်ရာ ဆွေးနွေးရန် လည်း ပါဝင်ပါတယ်။ ဒါ့ကြောင့် အဆိုမှ ပေါ် ပေါက်လာတဲ့ နိုင်ငံတော်နှင့် နိုင်ငံတော်သား တို့ရဲ့ အကျိုးစီးပွားကို ဥပဒေ နှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ အဆိုကို ယ ခု လောလောဆယ်ဆုံးဖြတ်ခြင်း မပြုသေးပဲ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန် အကောက်ဆိုင်ရာ ကော်မတီကို လွှဲပြောင်း ပေးပါတယ်။ ကော်မတီဟာအရပ်ရပ်ဆိုင်ရာကြားနာချက်များကိုသတ္တုတွင်းဝန်ကြီးဌာန သဘာ ဝပတ်ဝန်းကျင် ဆိုင်ရာပညာရှင်များ၊ သတ္တုဆိုင်ရာပညာရှင်များနဲ့ အခြားအစိုးရဌာန ဆိုင်ရာပညာရှင်များနဲ့ ပြည့်ပြည့်စုံစုံကြားနာပြီးတဲ့နောက်မှာ အဆိုမှာ ပါဝင်သင့်တဲ့ အချက်တွေကိုသာ ပြ န်လည် တင်ပြဖို့လိုပါတယ်။ လိုအပ် လျှင် ဥပဒေကြမ်းအဖြစ် ဆက်လက်ဆောင်ရွက် သင့်ပါက ဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

ယခုအမျိုးသားလွှတ်တော်အစည်းအဝေးကို ခေတ္တနားမှာ ဖြစ်ပါတယ်။ (၁၅း၁၅)နာရီ မှာ ပြန်လည်စတင်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**အချိန်၊ ၁၅း၁၅။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် . စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)၏ နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် တို့တာဝန် အရေး(၃)ပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်း ထားတဲ့ နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်နိုင်ရန်နှင့် ထို သို့ဆောင်ရွက်ရာတွင် တို့ တာဝန်အရေး(၃)ပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက အမည် စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ရ န်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဝင်းနောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၆။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော် အချိန်ကို ငဲ့သောအားဖြင့် မှတ်စုစာရွက်ကို ဖတ်ပြီးတော့ ပြောကြားဖို့ခွင့်တောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**၊ ။ခွင့်ပြုပါတယ်။

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးဆွေအောင် အဆိုတ င်သွင်းထားတဲ့ နိုင်ငံတော်အစိုးရ အနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအ ပေါ် တို့တာဝန်အရေး(၃)ပါး အထိပါး မခံဘဲ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ ငြိ မ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး အတွက် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်း ထားတဲ့အဆိုကို တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်စွက် ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။အခုကိစ္စဟာ နက်နဲကျယ်ပြန့်ပြီး အလွန်သိမ်မွေ့တဲ့အပြင် ပြည်ထောင်စုကြီး အတွက် လွန်စွာအရေးကြီးတဲ့ကိစ္စ၊ အောင်မြင်အောင်ဆောင်ရွက်ရမယ့် ကိစ္စလို့မြင်ပါတယ်။ နိုင်ငံနဲ့ ပြည်သူတွေ အတွက်အလွန်အရေးကြီးတဲ့ကိစ္စကြီးမှာ ခုတ်တာတစ်ခြား၊ ရှရာ တစ်ခြားဆိုသလို မဖြစ်ရအောင် ကျွန်တော်ရဲ့အမြင်ကို အလေးအနက်ထားပြီး တင်ပြချင်ပါတယ်။ တ စ်နည်းအားဖြင့် အားလုံး အတွက် အရေးကြီးတဲ့အချက်ကို မီးမောင်းထိုးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ဥက္ကဋ္ဌကြီးခင်ဗျား။အစိုးရနဲ့လက်နက်ကိုင်ပဋိပက္ခ တွေ့ဆုံဆွေးနွေးရေးဆိုတော့ ရန်ဘက်အသွင်လိုဆောင်နေပါတယ်။ တစ်ဖက်ကိုတစ်ဖက် ရန်သူလိုမျိုး ဆိုလိုထား သလို ဖြစ်နေပါတယ်။ ကျွန်တော် မီးမောင်းထိုးပြီး တင်ပြချင်တာကတော့ အစိုး ရနဲ့ လက်နက်ကိုင်ပဋိပက္ခ ဆိုတာဟာ ရန်သူအစစ် အမှန်တွေ မဟုတ်ကြပါဘူး။ တကယ့်ရန်သူတွေ မဟုတ်ကြပါဘူး။ မြန်မာနိုင်ငံသား အချင်းချင်း၊ ညီနောင်အချင်းချင်း အခိုက်အတန့်လေး ကြားလေသွေးလို့ဝေး နေတာပါ။ ကြားလေလို့ ခေါ်လိုက်တဲ့ ရန်သူအစစ် အမှန်ကိုသာ အတိအကျဖော်ထုတ်လို့ရခဲ့ရင် သားရွှေအိုးထမ်းပြီး ပြန်လာတာကို မြင်တွေ့ရတော့ မယ့်အချိန်ဟာ မကြာမြင့်တော့ဘူးလို့ ယူဆပါတယ်။ ကျွန်တော် အတတ်နိုင်ဆုံး အတိုချုံ့ပြီး ကြားလေလို့ခေါ်တဲ့ ရန်သူကို မီးမောင်းထိုး တင်ပြသွားမှာဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးစ တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်ဆိုတဲ့ ကာလတစ်ခု ကို ဖြတ်သန်းခဲ့ရပါတယ်။ လွတ်လပ်ရေး မပေးချင်ဘဲ ပေးခဲ့ရတဲ့ နယ်ချဲ့တွေကသပ်လျှိုသွေးခွဲထားခဲ့လို့ အကြောင်းတစ်ကြောင်းနဲ့ နယ်ချဲ့ဆိုတဲ့ ရန်သူကြီး မရှိတော့တဲ့အခါ ကိုယ့်အချင်းချင်းကို ရန်သူလိုမြင်ခဲ့ကြတဲ့ ဝါဒ စွဲ၊ ပါတီ စွဲ၊ လူမျိုးစွဲ အစွန်းရောက်အောင် အယူအဆမှားခဲ့ကြတဲ့ လူတွေကြောင့်၊ တစ်ကြောင်းကြောင်း ကြောင့် မုန်တိုင်းထန်ခဲ့ရတာဖြစ်ပါတယ်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသား ခေါင်းဆောင် ပီသစွာ နယ်ချဲ့ကို

ရန်သူတွေလို့ တစ်နိုင်ငံလုံးက သိမြင်လာအောင် မီးမောင်းထိုး ပြပြီး စည်းရုံးမှု ပြုခဲ့တာပါ။ တစ်မျိုးသားလုံးရဲ့ ဘုံရန်သူလို့ သိမြင်ခဲ့ကြတဲ့ တိုင်းရင်းသား ပြည်သူအားလုံးက စည်းလုံး ညီညွတ်ခဲ့ကြလို့ ဗိုလ်ချုပ်ကြွေးကြော် ခဲ့တဲ့အတိုင်း (၁)နှစ်အတွင်း လွတ်လပ်ရေးကြီး အရယူ နိုင်ခဲ့ပါတယ် ။ ဗိုလ်ချုပ်တို့ ကျဆုံးသွားပြီး တဲ့နောက် လွတ်လပ်ရေးလည်းရပြီး နယ်ချဲ့ ဆိုတဲ့ ရန်သူလည်း မရှိတော့တဲ့အခါ ကိုယ့်အချင်းချင်း ရန်သူလို သတ်ခဲ့ ဖြတ်ခဲ့ကြပါတယ်။ ကျွန်တော် တင်ပြချင်တာက တစ်မျိုးသားလုံးရဲ့ ရန်သူအစစ်အမှန်ကို မဖော်ထုတ်နိုင်ခဲ့ရင် ကိုယ့်အချင်းချင်း ရန်သူလို မြင်တတ်ကြတယ်ဆိုတဲ့ သမိုင်းကြောင်းအရ သင် ခန်းစာပါပဲ။ ဥက္ကဌကြီးခင်ဗျား။ တကယ်တော့ ၁၉၄၉ ခုနှစ်နောက်မှာ ကျွန်တော် ရှေ့ပိုင်းက ပြောခဲ့တဲ့ ကြားလေဆိုတဲ့ ရန်သူ စတင်ပေါ်ပေါက်ခဲ့ပါတယ်။ အမေရိကန် ဩဇာ ခံ ချန်ကေရှိတ် ရဲ့ ကူမင်တန်တပ်တွေဟာ တရုတ်ပြည်မကြီးက ဆုတ်ခွာလာခဲ့ရတဲ့အခါ မြန်မာ နိုင်ငံရဲ့ ရှမ်းပြည်နယ် ဒေသမှာ ခြေကုတ် ပြန်ယူခဲ့ပြီး တရုတ်တပ်တွေကို တန်ပြန်တိုက်ဖို့ အဲဒီကြားလေ လို့ခေါ်တဲ့ ရန်သူက စီမံကိန်းကြီးချ ခဲ့ပါတယ်။အဲဒီရန်သူရဲ့ စီမံချက်နဲ့ ချန်ကေရှိတ် KMT တပ်တွေက တရုတ်တပ်မတော်ကို (၃)ကြိမ် တိုင်တိုင် ထိုးစစ်ဆင်ခဲ့တယ်လို့ သိရပါတယ်။ (၃)ကြိမ်လုံးပဲ ရှုံးနိမ့် ခဲ့တဲ့အတွက် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မှာပဲ ခြေကုတ်ယူပြီး ရေရှည် ရပ်တည်နိုင်အောင် ဘိန်းနဲ့ ဘိန်းဖြူ လုပ်ငန်းလုပ်ကိုင် အောင် စီမံပေးခဲ့တဲ့ သူဟာလည်း အဲဒီ ကြားလေ (တစ်နည်းအားဖြင့်၊ အမှောင့်ပယောဂကြီးပါပဲ) ဒီကနေ့ထိ လက်နက်ကိုင်ပဋိပက္ခဆိုတာ ဖြစ်ပေါ်မြောက်ပင့်သွေးထိုး ရန်တိုက်လုပ်နေတာလည်း အဲဒီကြားလေပါပဲ။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းတွေ၊ ပြဿနာ ရပ် တွေ၊ နိုင်ငံတကာနဲ့ပါ ချိုပြီးရှင်းနေရတဲ့ အခက်အခဲတွေ ၊ ပိတ်ဆို့မှုတွေ၊ မကြာခဏ မိုင်း ထောင် ဖောက်ခွဲမှုတွေ၊ ပြည်သူကိုပစ်ခတ် သ တ်ဖြတ်တာတွေ၊ နိုင်ငံရေးထိပ်တိုက်တွေ့ဆုံမှုတွေ၊ တွေ့မှု တွေ ဒီဘက် အသံလွှင့်ရုံအသီးသီးကနေ အမျိုးမျိုး ရန်တိုက်ထုတ်လွှင့်မှုတွေဟာ အားလုံးရဲ့ လက်သည်တရားခံဟာ အဲဒီကြားလေ ရန်သူဆိုတဲ့ ဒီအမှောင့်ပယောဂပါပဲ။ တကယ် ရန်သူ အစစ်အမှန်ပါပဲ။ ကျွန်တော် ပြောကြားချက်မှာ အမေရိကန် အစိုးရနဲ့ အမေရိကန်ပြည်သူတွေကို ရန်သူလို့လုံးဝမသုံးမနှုန်းပါဘူး။ တကယ်တော့ အမေရိကန်သမ္မတအဆက်ဆက်နဲ့ အမေရိကန် ပြည်သူတွေ၊ လွှတ်တော် အမတ်တွေဟာ သူတို့အားထားလွန်းနေတဲ့ အဲဒီအဖွဲ့အစည်းပေါ့လေ။ ဒါ CIA အဖွဲ့အစည်းပါပဲ။သူ့ရဲ့ မဟာဗျူဟာသုံးသပ်ချက်တွေ၊နည်းဗျူဟာတွေ၊ အစီရင်ခံစာတွေ၊ စီမံချက်တွေကို၊ အမှန်တွေလို့ ထင်မှတ်ခဲ့ကြတာ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေနဲ့ ပတ်သက်တဲ့ အကြောင်းအချက်တွေ မှန်တာပါကောင်းပါမယ်။ တရုတ်နိုင်ငံနဲ့ အခြားကွန်မြူနစ်နိုင်ငံတွေဝန်းရံ

ပိတ်ဆို့ ရေးဆိုတဲ့ အယူအဆကိုအခြေခံပြီး ဘယ်သူသေသေ၊ ငတေမာ ပြီးရောဆိုတဲ့ သဘောနဲ့ ကလိမ်စေ့ ငြမ်းဆင်ပြီးတော့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဒုက္ခမျိုးစုံရောက်အောင် ၊ ကြုံတွေ့ရအောင် အမျိုးမျိုးလုပ်ဆောင်နေခဲ့တာနဲ့ ပတ်သက်ပြီးတော့ ဒီ ကြားလေရန်သူဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ရင်တော့ သူ့ရဲ့အစီရင်ခံစာနဲ့ သုံးသပ်ချက်တွေကတော့ ဒါအလွဲ အချော်တွေကြီးပဲဖြစ်ပါတယ်။ အမေရိကန်အစိုးရနဲ့ လွှတ်တော်အမတ်တွေ၊ နိုင်ငံတကာတွေကို သူပေးပို့နေတာ တွေ အလွဲအချော်တွေ ချည်းပဲဖြစ်ပါတယ်။ ဒီလိုထပ်တလဲလဲ လွဲချော်နေရ တာဟာလည်း စကတည်းက လွဲမှားနေခဲ့တဲ့အတွက်ကြောင့် သမိုင်းနဲ့ချီပြီးတော့ တောက်လျှောက်မှားယွင်းလာတာ ဖြစ်ပါတယ်။ ဒါပ ထမဦးဆုံး မြန်မာနိုင်ငံရဲ့ ရှမ်းပြည်နယ်ဒေ သမှာ ကူမင်တန်တွေ ခြေကုတ်ရအောင်ကြံစည်ခဲ့တာ မအောင်မြင်ခဲ့ပါဘူး။ မြ န်မာ့တပ်မတော်က ခပ်မာမာထန်ထန်ပဲ တိုက်ထုတ်ပစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေညီလာခံမှာ ဒါ အမေရိကန်ကူညီတဲ့အထောက်အထားတွေနဲ့ တင်ပြခဲ့လို့ မျက်နှာပျက်ခဲ့ရတာ အားလုံး အသိပါပဲ။ ၁၉၆၁ ခုနှစ်မှာ သူတို့ဩဇာခံ KMT တပ်ဖွဲ့တွေဟာ လုံးဝဆုတ်ခွာပေးခဲ့ရပါတယ်။ အဲဒီနောက် (စီဒိုး)ဆိုတဲ့ စစ်အုပ်စုဖွဲ့ပြီး ကွန်မြူနစ်နိုင်ငံတွေကို ထိန်းချုပ်ဖို့ ကြံစည်ခဲ့တာလည်း ၁၉၆၂ ခုနှစ်မှာ တပ်မတော်က အာဏာရယူလိုက်လို့ အကြံအစည်ပျက်သွားခဲ့ပါတယ်။ မြန်မာ၊ ထိုင်း နယ်စပ်တစ်လျှောက်မှာလည်း သောင်းကျန်းသူနဲ့ ဆွေမျိုး သားချင်းတွေကို ပံ့ပိုးထောက်ပံ့ မှုတွေပေးထားပြီး ဒု က္ခသည်စခန်းတွေ ဖွင့်ခဲ့တာလည်း သူ့ လက်ချက်ပါပဲ။ အခုအခါ မြန်မာနိုင်ငံအစိုးရနဲ့ ငြိမ်းချမ်းရေး ယူပြီးတော့ အေးချမ်း စွာနေနေပြီဖြစ်တဲ့ ဦးခွန်ဆာကို ၁၉၈၉ ခုနှစ်လောက်တုန်းကတော့ မူးယစ်ဆေးဝါးမှုနဲ့ ဖမ်းဝရမ်း ထုတ်ထားခဲ့ပါတယ်။ သတင်းပေးနိုင်ခဲ့ရင် ဆုငွေ အမေရိကန်ဒေါ်လာ(၂)သန်းပေးမယ်လို့တောင် ဒါ အမေရိကန်အစိုးရက ကြေညာထားခဲ့တာပါ။ ၁၉၉၄ ခုနှစ်မှာတော့ အမေရိကန် သမ္မတရဲ့ မူး ယစ်ဆေးဝါး အကြံ ပေးအရာရှိဆိုတဲ့သူက ဦးခွန်ဆာရဲ့ ဟိုမိန်းစခန်းကို ရောက်လာပြီးတော့ ညှိနှိုင်းပြောဆိုသွားခဲ့ပါတယ်။ တ စ်ပတ်လောက် နေသွားတယ်ပြောပါတယ်။ သူပြန်သွားတဲ့အခါ မှာ ဦးခွန်ဆာက လွတ်လပ်သော ရှမ်း ပြည်နိုင်ငံဆိုပြီးတော့ ကြေညာ ပြီးတော့ သူကိုယ်တိုင် သမ္မတဆိုပြီးတော့ ကြေညာ ခဲ့ပါတယ်။ အဲဒီလို ကြေညာလိုက်ပြီးတာနဲ့ မကြာခင်ပဲ အမေရိကန်က ဝါရှင်တ န်ဒီစီနဲ့ နယူးယောက်မြို့တို့မှာ ဦးခွန်ဆာရဲ့ KMT ရုံးခွဲတွေ ဖွင့်ခွင့်ပြုလိုက်ပါတယ်။ ဒါတွေဟာ တရားဝင်စာအုပ်တွေ ထုတ်ဝေထားပြီးသားဖြစ်ပါတယ်။အဲဒီနောက် ဦးခွန်ဆာရဲ့ MTA ဌာနချုပ်ကို CIA အဖွဲ့တွေ၊ အမေရိကန်လွှတ်တော်အမတ်တွေ၊ အမေရိကန်လွှတ် တော်အမတ်တွေ၊ Media တွေ ခြေချင်းလိမ်အောင်

ရောက်ခဲ့ပါတယ်။ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးရဲ့ ဇနီးဆိုသူ က စစ်ဝတ်စုံ (၅၀၀)လာပြီး လက်ဆောင် ပေးသွားတယ်လို့ သိရပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ CIA က မစ္စတာရှိန်းဝမ်းနဲ့ Mr. Peternew ဆိုတဲ့သူတွေ ဟိုမိန်းစခန်းကို ရော က်ရှိလာပြီးတော့ အမေရိကန်ရဲ့ Cruise ဒုံးပျံစခန်း ဖွင့်ခွင့်ပြုပေးဖို့နဲ့ ဖွင့်ခွင့်ပြုရင် ငွေကြေး၊ လက်နက်၊ စစ်ပစ္စည်း အကူအညီတွေပေးမယ်ဆိုပြီးတော့ ကမ်းလှမ်းခဲ့ပါ တယ်။ ဦးခွန်ဆာက မြန်မာနိုင်ငံသား တိုင်းရင်းသားတစ်ယောက်ပီသစွာပဲ မြန်မာ နိုင်ငံတော်ကြီးကို သစ္စာမဖောက် မြန်မာနိုင်ငံတော် အပေါ်ကို အန္တရာယ်ကျရောက်နိုင် တာမြင်တဲ့အတွက် ၁၉၉၆ ခုနှစ်မှာ သူ့ရဲ့ MTA တပ်တွေ အားလုံးကို လက်နက်အကုန်အပ် နဲ့ပြီး မြန်မာ့တပ်မတော်ဆီမှာ ခြွ င်းချက်မရှိ ငြိမ်းချမ်းရေး ရယူခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မှာလည်း ကြားလေရန်သူကြီး ဟာ မကျေမချမ်းဖြစ်သွားမယ်လို့ ခန့်မှန်းနိုင်ကြလိမ့်မယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မြန်မာနိုင်ငံကို အမျိုးမျိုးဒုက္ခရောက်အောင် ထိုင်း၊ မြန်မာနယ်စပ်မှာ CIA ကပင် ဖောက်ခွဲနည်းတွေ၊ ဖျက်ဆီးနည်းတွေမျိုးစုံအောင် သင်တန်း တွေပေးနေတာ ဒါ အစိုးရကို ဆန့်ကျင်တဲ့သူတွေ မှန်သမျှကို သင်ကြားပေးတဲ့ အပြင် လက်နက်နဲ့ ပုံးတွေ အင်အားပြင်းယမ်းတွေ၊ ငွေကြေးတွေထုတ်ပေးနေခဲ့တာ မြန်မာအစိုးရက ဒါ ကျွန်တော်တို့ အမျိုးသားညီလာခံကြီး ကျင်းပတော့မယ်ဆိုတဲ့ အကြိမ်တိုင်းမှာရော၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတဲ့အခါမှာရော၊ ရွေးကောက်ပွဲကျင်းပတဲ့အခါ တွေမှာရော နောက်ဆုံး လွှတ်တော်ခေါ်ယူ တဲ့အချိန်ထိ ဒါ သူ့ရဲ့တည်မြဲအစီအမံပါပဲ။ အဲဒီအတိုင်းပဲ သောင်းကျန်းသူတွေဘက်က နေပြီး တော့လည်း တစ်ခုခုလုပ်ရှား ဆောင်ရွက်ပြစေပါတယ်။ ဖောက်ခွဲသမားတွေ စေလွှတ်ပြီးတော့ ဖောက်ခွဲခိုင်းပါတယ်။ မြေပေါ်ကအစိုးရကို ဆန့်ကျင်အမြင်ရှိတဲ့ အုပ်စုတွေကနေပြီးတော့ လှုံ့ဆော် မှုတွေပြုစေပါတယ်။ သူ့ဩဇာခံ နိုင်ငံခြားအသံလွှင့်ရုံတွေကလည်း အတိုင်အဖောက်ညှိပြီးတော့ ထုတ်လွှင့်စေပါတယ်။ ကောလာဟ လ ဖြန့်ဖြူး ရတာ ကျွမ်းကျင်နေပြီဖြစ်တဲ့ အရေး သမား၊ လေသမားတွေကို ကောလာဟ လ ချိန်ကိုက်ပြီးတော့ ထုတ်ပြန်စေပါတယ်။ Media နည်းတွေ၊ သူတို့အစိုးရအဖွဲ့ဝင်တစ်ဦးဦးက စွပ်စွဲဝေဖန် ပြောဆိုနည်းတွေအပြင် နိုင်ငံတကာက အထင် အမြင်မှားအောင် ချိန် ကိုက်ပြီးအပြစ်ရှာ အဆိုတင် ခြင်းတွေ ပြုလုပ်တတ်ပါတယ်။ ပြောရမယ် ဆိုလို့ရှိရင်တော့ ကြားလေရဲ့ မြန်မာနိုင်ငံဒုက္ခရောက်အောင် အစဥ်တစိုက် ဆောင်ရွက်ချက် တွေဟာ ပြောမကုန်အောင် ရှိနေပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာနဲ့ ခိုင်းနှိုင်းပြီးတင်ပြ ရလို့ရှိရင် CIA ခိုင်းသမျှ သို့မဟုတ် CIA ရဲ့ စီမံချက်အတိုင်း လုပ်ကိုင်ပြောဆို ဆောင်ရွက် နေကြတဲ့ သူတွေဟာ စစ်တုရင်ကစားနည်းက နယ်ရုပ်တွေနဲ့တူနေပါတယ်။ ဖောက် ခွဲရေးလုပ်ဖို့

ယမ်းတွေတပ်ဆင်နေရင်း မိုင်းပေါက်ကွဲလို့ သေဆုံးသွားတဲ့ အဖျက်သမား ၊ ဖောက်ခွဲရေးသမား ဟာ အဲဒီကြားက ရန်သူကြီးရဲ့ ထိုးကျွေးတဲ့ နယ်ရုပ်တစ်ရုပ်လို ရန်သူကြီး ရွှေ့တဲ့အတိုင်း လိုက် ကရင်းနဲ့ လိုက်ဖျက် ရင်းနဲ့ အကုသိုလ်ကံအကျိုးပေးသွားတာဖြစ်ပါတယ်။ အလားတူ စစ်ကဲရုပ် ၊ မြင်းရုပ်ကဲ့သို့ ကစားခံနေရတဲ့သူတွေ အများကြီးရှိနေပါ သေးတယ်။ စစ်တုရင်ကစားနည်းက တော့ ရွှေ့ကစားနေတဲ့ တစ်ဖက်ယှဉ်ပြိုင်ဖက်ကို မြင်ရနိုင်ပါတယ်။ အခုရန်သူကြီးရဲ့ နည်းမျိုးစုံနဲ့ ရွှေ့ကစားနေတာကိုတော့ ဉာဏ်ပညာမျက်စိ သမိုင်းကြောင်းကို အစဉ်တစိုက် လေ့လာကြည့်ရှု တဲ့မျက်စိနဲ့မှ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။အဲဒီရန်သူဟာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည် ရင်းနှီးမှုကိုလည်း လုံးဝမြင်တွေ့လို့ကို မရပါဘူး။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ နယ်ခြားစောင့်တပ်များဖြင့် ဖြန့်ကြက်ချထားသည့် နိုင်ငံတော်ကြီး လုံခြုံသွားအောင် တို့တာဝန် အရေးသုံးပါးတည်တံ့ခိုင်မြဲအောင် ခြံစည်းရိုးလုံလုံကာနေတာကိုလည်း မတွေ့လိုမမြင် လိုပါဘူး။ အဲဒီလို အကုသိုလ်စိတ်တွေများနေတာကြောင့် သူ့ရဲ့အစီအမံတွေဟာလည်းပဲ တလွဲ တချော်တွေ ချည်းပဲဖြစ်ခဲ့ရပါတယ်။ အခုအာဆီယံထိပ်သီး အစည်းအဝေး ရက်နီးလာသည်နှင့် အမျှ သူ့အစီ အမံ ထုံးစံ တွေအတိုင်းပဲ နယ် ရုပ်၊ မြင်းရုပ်တွေလို သူ့ဩဇာခံ လက်ပါးစေတွေ ကို ရွှေ့ကစား နေတာ၊ ရွှေ့ကစားလာတာ အားလုံးမြင်တွေ့ရကြမှာဖြစ်ပါတယ်။ အဲဒီလို ရန်သူတွေက ခိုင်းစား နေတာ၊ ရွှေ့ကစားနေတာ၊ ကြိုးဆွဲနေတာကို မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူ တစ်ရပ် လုံးကသိကြမြင်ကြ နားလည်ကြပြီး ပွင့်လင်းမြင်သာစွာ ဆန့်ကျင် သွားဖို့ ပြောကြဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ အဲဒီကြားလေရန်သူကြီးကပဲ ပွင့်လင်းမြင်သာမှုဆိုပြီး ရှိဖို့ဆိုပြီး အမြဲပဲ စွပ်စွဲပြောဆို လေ့ရှိပါတယ်။ အစိုးရမှာ မရိုး သားတဲ့ဆောင်ရွက်ချက်တွေကို ဖုံးဖိထား လေဟန် ပြည်သူလူထု ထင်မှတ်အောင် ပြောဆိုတာဖြစ်ပါတယ်။ အခုကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရ နဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ Media တွေနဲ့ ပြည်သူလူထုကြီးက တစ်ဖန်ပြန်ပြီးတော့ ကြားလေ ရန်သူတော် ကို ပွင့်လင်းမြင်သာအောင် ထုတ်ဖော်ပြောကြားဖို့ အချိန်တန်ပြီဖြစ်ကြောင်း မီးမောင်းထိုး ပြီးတော့ တင်ပြနှိုးဆော်လိုက်ပါတယ်။ ကျွန်တော်က ပြောတဲ့အခါမှာ ဒီကြားလေ အမှောင့် ပယောဂ CIA စသည်ဖြင့် ပါပါတယ်။ ဒါတွေ ဟာ ကျွန်တော်တို့ နှစ်နိုင်ငံ ကြားကိစ္စဖြစ်တဲ့ အတွက်ကြောင့် အနည်းငယ်ထပ်မံ ရှင်းလင်းပြီးတော့ ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အဲဒီတော့ CIA ဌာနကြီးတစ်ခုလုံးဟာ ကျွန်တော်တို့ ရန်သူမဟုတ်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ ဒီ မြန်မာနိုင်ငံ့အရေးဟာ မြန်မာနိုင်ငံရေးရာပိုင်းမှာ သူတာဝန်ပေးအပ်ထားတဲ့ အစိတ်အပိုင်း တစ်ခုကနေ မှားယွင်း ပေးပို့နေတာကို သူတို့ပြန်လည် စိစစ်သုံးသပ်ကြဖို့ မီးမောင်းထိုးပြ ရခြင်းသာ ဖြစ်ပါတယ်။

ဒါ ၁၉၄၉ ခုနှစ်လောက်ကစပြီးတော့ ကွန်မြူနစ်ဝါဒကို တုံ့ပြန်ရေးမဟာဗျူဟာအရ ဒါကျွန်တော် တစ်ခြား ဥပမာမရှိလို့ ဒါတင်ပြရခြ င်းဖြစ်ပါတယ်။ ကြမ်းပိုးကိုလိပ် ဖြစ်အောင်လည်း သူအစီရင်ခံခဲ့ ကြပါတယ်။ မူးယစ်ဆေးဝါးကိစ္စတွေနဲ့ပတ်သက်ပြီးတော့လည်း ထိန်ချန်နေခဲ့ကြ ပါတယ်။ အဲဒီလို တောက်လျှောက်မှားယွင်းလာခဲ့ ကြတဲ့ဟာမျိုးဟာ ဘာနဲ့တူနေသလဲဆိုတော့ ဒါဆိုရှယ်လစ် ခေတ်တုန်းက ဒါကျွန်တော်ကြားဖူးပါတယ်။ ထန်းပင်တက်ကြည့်ပြီးတော့ Survey လုပ်ပြီးတော့၊ ခန့်မှန်ပြီးတော့ အစီရင်ခံစာတင်ပြခဲ့ကြတယ် ဆိုတာမျိုး ဒီလိုအထောက်အထား အချက်အလက် တွေ ဒါတွေက မညီညွတ်တော့တဲ့အခါ ကြာလာတဲ့အခါမှာ ကြံ့ဖန်ပြီး ကပ်ငြိနေရ သလို အမြီး အမောက်မတည့် ဖြစ်နေတဲ့ သဘောတွေ ဒါတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒါ CIA တပ်ဖွဲ့ လုံးနဲ့မဆိုင်ပါဘူး။ ကျွန်တော် တင်ပြတဲ့အတိုင်းပါပဲ။ ဒါ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ဆိုင်ပြီးတော့ ခုတာဝန်ပေး ထားတဲ့အဖွဲ့ သူတို့ရဲ့ အစီရင်ခံစာတွေ နဲ့ သုံးသပ်ချက်တွေကို ၊ သူတို့ရဲ့အထောက် အထားတွေကို ဒါ အမေရိ ကန်အစိုးရ အမေရိကန် လွှတ်တော်အမတ်တွေ၊ NGO တွေ၊ ပြည်သူတွေနောက်ဆုံး CIA အကြီးအကဲတာဝန်ရှိကြသူကပဲ ပြန်လည်စစ်ဆေး သင့်ကြပြီး ပြန်သုံးသပ်သင့် ပါပြီ ကျွန်တော် ဒီလိုတင်ပြနိုး ဆော်လိုတာ ဖြစ်ပါတယ်။ အဲဒီ ကြားလေသွေး သလိုပဲ အစဥ်တစ်စိုက် နှောင့်ယှက်နေကြတာတွေကို ပြန်လည်သုံးသပ် ပြီးတော့မှ ဒါကို ရပ် ဆိုင်းလိုက်မှသာ ဒါကျွန်တော်တို့ နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ ရေရှည်မှာ ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုတွေ အပြည့်အဝရရှိမယ်လို့ မျှော်လင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော် နိဂုံးချုပ်တင်ပြပါမယ်။ တကယ်တော့ ကျွန်တော်တို့ အချင်းချင်း၊ တိုင်းရင်းသား အချင်းချင်းဟာ ရန်သူတွေ လုံးဝမဟုတ်ပါဘူး။ ကြား လေရန်သူက သွေးထိုးတိုက်တွန်းထားတဲ့ အတွက် အမှတ်တမဲ့ အထင်အမြင် လွဲမိတဲ့သဘောပဲ ဖြစ်ပါတယ်။ အဓိကရန်သူရဲ့ အကြံအစည် တွေနဲ့ အန္တရာယ်တွေကို မြင်တွေ့ကြပြီဆိုရင် နိုင်ငံတော်သမ္မတကြီး ကမ်းလှမ်းလိုက်တဲ့ ငြိမ်းချမ်း ရေးလက်ကို ဆုပ်ကိုင်ဆွဲယူရင်း နောက်နောင် ခိုင်ခိုင်မြဲမြဲ လက်တွဲသွားနိုင်ဖို့အတွက် အမြန်ဆုံး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပါစို့လို့ ပြောကြားရင်း ဦးဆွေအောင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါ ပြီ။

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် အဆိုတင်သွင်းတဲ့ နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ ဖြစ်ပေါ်နေ သော လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်စဲရေးအတွက် တွေ့ဆုံ ဆွေးနွေးရေးဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် တို့ တာဝန်အရေးသုံးပါးကို ထိပါး မခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆော င်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရ အားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အဓိပ္ပယ်ကွဲလွဲမှုများ မရှိစေရန်အတွက် ကျွန်တော်ရဲ့ ထောက်ခံမှုအဆိုကို ဖတ်ကြားခွင့် ပြုရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)**။ ။ကျွန်တော်တို့ နိုင်ငံဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိမှုနှင့်အတူ ဂိုဏ်း ဂဏစွဲ၊ ပုဂ္ဂိုလ် စွဲ၊ ဒေသ စွဲ၊ လူမျိုး စွဲ၊ ဘာသာ စွဲ တွေကြောင့် လက်နက်ကို င်အဖွဲ့အစည်းများလည်း တစ်ပါတည်း ပေါ်ပေါက်လာခဲ့ပြီး အစိုးရ နဲ့ လက်နက်ကိုင် အဖွဲ့အစည်းများ တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်ခဲ့ကြတာဟာ နှစ်ပေါင်း (၆၀) ကျော်တိုင်ကြာမြင့်လာခဲ့ပြီ ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့တိုင် လက်နက်ကိုင် ပဋိပက္ခများဟာ ရပ်တန့်ပြီးဆုံးမှု မရှိနိုင်သေးတာကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို လက်နက်ကိုင် ပဋိပက္ခများကြောင့် တိုင်းရင်းသား ပြည်သူများ မရေမတွက်နိုင်လောက်အောင် သေကြေဒဏ်ရာ ရရှိခဲ့ကြတယ်။ မိတစ်ကွဲ ဖတစ်ကွဲနဲ့ စိုးရိမ်သော က ရောက်နေကြရတယ်။ အစာရေစာငတ်မွတ် ခေါင်းပါးမှုနဲ့ ရင်ဆိုင်ကြုံတွေ့ နေကြရတယ်။ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ လူနေမှုဘဝ ဆင်းရဲဒုက္ခရောက်နေကြရတာ အားလုံးအ သိအမြင်ပဲ ဖြစ်ပါတယ်။ နှစ်ပေါင်း (၆၀)ကျော်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ မငြိမ်သက်မှုများကြောင့် ခေတ်အဆက်ဆက် အစိုးရများဟာလည်း တိုင်းပြည်တိုးတက်အောင် တတ်စွမ်းနိုင်သမျှ ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသော်လည်း ထင်တိုင်းမပေါက်နိုင်ဘဲ နောက်ဆုံး တော့ တိုင်းပြည်ဟာ အခြားတိုင်းပြည်များနဲ့ နှိုင်းယှဉ်ရင် အောက်ကျနောက်ကျဖြစ်နေတာကိုတွေ့မြင်ကြရမှာဖြစ်ပါတယ်။ တပ်မတော် အစိုးရ လက်ထက် မှာ မြေပုံ(၇)ချက် သတ်မှတ်ပြီး ဆောင်ရွက်လာခဲ့တာ ယခုအချိန်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ

အခြေခံဥပဒေကိုရေးဆွဲ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လွှတ်တော် အသီးသီးနဲ့ ပြည်ထောင်စု အစိုးရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအသီးသီးကိုလည်း ဖွဲ့စည်း ထားရှိပြီး ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးဖော်ဆောင်နေပြီ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကိုတည်ဆောက်နိုင်ဖို့ လမ်းကြောင်းမှန်သို့ဦးတည်နေပြီလို့ ပြောဆိုနိုင်တဲ့ အနေ အထားကိုရောက်ရှိ နေပြီဖြစ်ပါတယ်။ တိုင်းရင်း သား အချင်းချင်းစည်းလုံး ညီညွတ်မှုနဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှ တိုင်းပြည်ထာဝရ တည်ငြိမ်အေးချမ်း တိုးတက်နိုင်မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခအပေါ်ငြိမ်းချမ်းရေးနဲ့အပစ်အခတ်ရပ်စဲရေးအတွက်တွေ့ဆုံဆွေးနွေးရန် အလျင်အမြန် လိုအပ်လျက်ရှိနေပါကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ အဲဒီလို ငြိမ်းချမ်းရေး ဆွေးနွေးတဲ့ အခါမှာလည်း တို့တာဝန်အရေးသုံးပါးကို ထိပါးခြင်းမရှိတဲ့ ဆွေးနွေးညှိနှိုင်းမှုမျိုးသာ ပြုလုပ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တို့တာဝန်အရေးသုံးပါး ဆိုတာကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ဖြစ် ပါတယ်။ တို့ တာဝန် အရေးသုံးပါးထဲက တစ်ပါးပါး ပျက်ပြားသွားခဲ့ရင် တိုင်းပြည်ဟာ အစိတ်စိတ် အမွှာမွှာနဲ့ ပြိုကွဲပျက်စီး သွားမယ်ဆိုတာ အားလုံးက နားလည်လက်ခံ သဘောပေါက်ထားကြပြီး ဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ငြိ မ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှု ပြုလုပ်တဲ့အခါမှာ တန်းတူညီမျှ ကိုယ်ပိုင်ပြဋ္ဌာန်း နိုင်မှုများ တောင်းဆိုကြမယ်ဖြစ်ကြောင်း ၎င်းအချက်များကို နိုင်ငံတော်အစိုးရက လိုက်လျောမှုမပြုလျှင် တွေ့ဆုံဆွေးနွေးမှုသည်လည်း အထမြောက် အောင်မြင်မှာမဟုတ်ကြောင်း ပြောဆိုသံများ ကြားသိနေရပါတယ်။ ယခုအချိန်မှာ ပြည်ထောင်စု အစိုးရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက် မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်း ချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများအပြင် ပိုင်းခြားထားတဲ့ နိုင်ငံတော်အာဏာ သုံးရပ်ကိုလည်း ပြည်ထောင်စု တိုင်းဒေသကြီးများ/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို ခွဲဝေ အပ်နှင်းထားပြီး ဖြစ်လို့ ၎င်းတို့ တောင်းဆိုမှုများအပေါ်မှာ အတတ်နိုင်ဆုံး ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားနဲ့ အများဆန္ဒခံယူပြီး ပြဋ္ဌာန်းသတ်မှတ်ထားပြီး ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ယနေ့ခေတ်ဟာ ပြည်သူ့အစိုးရခေတ်ဖြစ်နေပါတယ်။ ပြည်သူတို့ရဲ့ ဆန္ဒများကို လွှတ်တော် ကိုယ်စားလှယ်များက တစ်ဆင့် လွှတ်တော်အသီးသီးမှာ ပွင့်လင်းလွတ်လပ်စွာ တင်ပြပြောဆို

ဥပဒေပြုခွင့်တွေ ရရှိနေပြီဖြစ် ပါတယ်။ တိုင်းပြည် ငြိမ်းချမ်းမှုနဲ့ မငြိမ်းချမ်းမှု၊ တိုးတက်မှုနဲ့ မတိုးတက်မှုဟာပြည်သူတွေရဲ့လက်ဝယ်ရှိနေပြီဖြစ်ကြောင်းကိုလည်းသတိချပ်ကြရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ယခင်ခေတ်များကလို မိမိတစ်ဦးတည်း ၊ တစ်ဖွဲ့တည်းသဘောနဲ့ ပြု လုပ်လို့ မရတော့ဘဲ အခြေအနေကိုက ပြည်သူတို့ရဲ့ဆန္ဒ လစ်လျူရှုရှ၍ မရတော့တဲ့ ပြည်သူတို့ရဲ့ဆန္ဒ အတိုင်းသာ လိုက်နာ ဆောင်ရွက်ကြရ မှာဖြစ်ကြောင်းကိုလည်း ထပ်လောင်း ဆွေးနွေးလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆောင်ပုဒ်ကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော် က ဖော်ဆောင်ရွက်ဆိုပြီးတော့ သတ်မှတ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော် နဲ့ ပြည်သူ အများစုက သဘောတူညီရင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါအချက်များကိုလည်း ပြင်ဆင်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတည့် အလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးဆွေးနွေးကြတဲ့ အခါမှာ ယခင်ခေတ်က တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်စဥ်ကလို တစ်ဖက်နဲ့တစ်ဖက် သံသယရှိစရာ မလိုတော့ဘဲ သံသယ ကင်းကင်းရှင်းရှင်း ယုံယုံ ကြည်ကြည်နဲ့ ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့က မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းမှာ ပြုလုပ်တဲ့ စီး ပွားရေးပညာရှင်များ ဌာနဆိုင်ရာ တာဝန်ရှိ သူများနဲ့ တွေ့ဆုံဆွေးနွေးတဲ့ အခမ်းအနားမှာ မိမိတို့နိုင်ငံရဲ့ သမိုင်းစဥ်တစ်လျှောက် မတည်မငြိမ် မအေးမချမ်းနဲ့ ကုန်ဆုံး သွားခဲ့ရတဲ့ကာလများကို အလွန်နှမြော ဖွယ်ကောင်းကြောင်း နိုင်ငံတော် သမ္မတကြီးက ပြောကြားသွားခဲ့ပါတယ်။ ဒါ့ကြော င့်မို့ ယခုအချိန်ဟာ တစ်ဖက်နဲ့ တစ်ဖက် ရန်ဖြစ်ငြင်းခုံအပြစ်ရှာ ပြောဆိုနေကြရမယ့် အချိန်မဟုတ်တော့ဘဲ နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူတို့ရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ လက်တွဲဆောင်ရွက်ဖို့ အချိန်တန်ပြီဖြစ်ကြောင်းပြောကြားလိုပါတယ်။ နောက်ဆုံးတင်ပြချင်တာကတော့ ပြည် ထောင်စု သမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၃ မှာ နိုင်ငံသားတိုင်း သည် အောက်ပါ အချက်တို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်ဟု ဖော် ပြထားပါသည်။ အဲဒီ အချက်(၃)ချက်ဟာ တို့တာဝန်အရေးသုံးပါးပင်ဖြစ်ပါတယ်။ တို့ တာဝန်အရေးသုံးပါးဟာ ကျွန်တော် တို့နိုင်ငံနဲ့ တိုင်းရင်းသားလူမျိုးများအတွက် အဓိက အလေးအနက်ထားရမယ့် အချက် များဖြစ်ကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဆွေအောင်က ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော နိုင်ငံတော်အစိုးရအနေနဲ့ ယနေ့ဖြစ်ပေါ်နေ သော လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနဲ့

အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် တို့ တာဝန်အရေးသုံးပါးကို အထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း မျိုးသာ ဆောင်ရွက်သင့်ကြောင်းအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗို လ်မှူးသိန်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**ဗိုလ်မှူးသိန်းထွန်း (တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဖြစ်ပါတယ်။။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် တင်သွင်းခဲ့တဲ့ နိုင်ငံတော် အစိုးရအနေနဲ့ ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနဲ့ အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက် နိုင်ရန်နဲ့ ထိုသို့ ဆောင်ရွက်ရာတွင် တို့ တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တို က်တွန်းကြောင်း အဆိုကို တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ထောက်ခံဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ရဲ့ ဆွေးနွေး တင်ပြချက်မှာ အင်္ဂလိပ်စာလုံး အနည်းငယ်ပါဝင်နေတဲ့အတွက် ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

အဆိုရှင်တင်သွင်းထားတဲ့အဆိုမှာ အပိုင်း (၂)ပိုင်း ပါဝင်နေပါတယ်။ ပထမအပိုင်းကတော့ တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ သောင်းကျန်းသူမျိုးစုံဟာ နိုင်ငံတော် အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် တိုက်ခိုက်နေခဲ့ကြတာနှစ်ပေါင်း(၆၀)ခန့်ရှိ နေခဲ့ပါတယ်။ ခေတ်အဆက်ဆက် အစိုးရများကလည်း ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြသလို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ) လက်ထက်မှာလည်း နိုင်ငံရေး ဦးတည်ချက်များကိုချမှတ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့နေရာမှာ အမျိုးသားပြန်လည် စည်းလုံး

ညီညွတ်ရေးဆိုတဲ့ဦးတည်ချက်တစ်ရပ်ပါဝင်ခဲ့ပါတယ်။ အဲဒီဦးတည်ချက်အတိုင်း သောင်းကျန်းသူ မျိုးစုံကိုအပစ်အခတ်ရပ်စဲရေး၊ငြိမ်းချမ်းရေးအတွက် ဆွေးနွေးခဲ့ကြတဲ့နေရာမှာ တစ်တိုင်းပြည်လုံး နီးပါးငြိမ်းချမ်းမှုရရှိခဲ့ပါတယ်။ဒါပေမယ့် KIA , KNU သောင်းကျန်းသူ အနည်းငယ်ကျန်ရှိနေသေး တဲ့ အတွက်ကြောင့် အခုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ကို အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး ဦးတည် ချက်အဖြစ်နဲ့ ပြောင်းလဲသတ်မှတ်ပြီးတော့ တိုင်းရင်သားညီအစ်ကိုတွေ စည်းလုံး ညီညွတ်မှု ခိုင်မာအောင်တည်ဆောက်လျက် ရှိနေပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ တပ်မတော်အစိုးရလက်ထက်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဓိကတည်ဆောက်တဲ့အနေ နဲ့ ဥပဒေဘောင်အတွင်းကိုသာ အရင် ဝင်ခဲ့ပါ။ နှစ်ဖက် အပစ်အခတ် ရပ်စဲထားမယ်။ လက်နက် တွေကိုလည်း ဆက်လက်ကိုင်ဆောင် ခွင့်ပေးထားမယ်၊ ဒေသဖွံ့ဖြိုးရေးကိစ္စတွေကို နိုင်ငံတော်က တာဝန်ယူတည်ဆောက်ပေးမယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကလည်း ပူးပေါင်းဆောင်ရွက်ပါ။ နှစ်ဖက် နားလည်မှု တည်ဆောက်ကြမယ်လို့ဆိုတဲ့ ပျော့ပျောင်းတဲ့ နည်းဗျူဟာကို ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးရယူခဲ့တဲ့ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ် (၂၃)ဖွဲ့၊ စုစုပေါင်းအဖွဲ့(၄၀) ရှိခဲ့ပါတယ်။ အဲဒီဖွဲ့(၄၀)အနက် မှာ (၁၅)ဖွဲ့ဟာဆိုရင် နိုင်ငံတော်ကို အပြီးအပိုင်လက်နက်စွန့်ပြီး အပ်နှံခဲ့ပါတယ်။ ကျန်ရှိတဲ့အဖွဲ့ (၂၅) ဖွဲ့ထဲက နယ်ခြားစောင့်တပ်ဖွဲ့ (၅)ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့ (၁၅)ဖွဲ့ အသွင်ကူးပြောင်းခဲ့ပါတယ်။ ကျန်တဲ့(၅)ဖွဲ့ကတော့ KIA ကချင်အဖွဲ့၊ UWSA "ဝ"အဖွဲ့၊ NDAA မိုင်းလားအဖွဲ့၊ NMSP မွန်အဖွဲ့ နှင့် KNU ဦးဌေးမောင် အဖွဲ့တို့ကတော့ အသွင်ကူး ပြောင်းခြင်းကို လက်ခံခြင်းမရှိခဲ့ပါဘူး။ အဲဒီအဖွဲ့(၅)ဖွဲ့ ပူးပေါင်းပြီးတော့ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖယ်ဒရယ်ကောင်စီ (United Nationality Federal Council) ဖွဲ့စည်းပြီးတော့မှ နိုင်ငံရေးမတည်ငြိမ်မှုတွေဖြစ်ပေါ်အောင် ဖန်တီးလုပ်ဆောင်လျက်ရှိပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် ဇွန်လခန့်ကနေ စတင်ပြီးတော့KIA, KIO အဖွဲ့များအနေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု မရှိအောင် ဆောင်ရွက်ခဲ့တဲ့အတွက် ကြောင့် ကချင်ပြည်နယ်၊ တည်ငြိမ်အေးချမ်းမှုအဖွဲ့နဲ့ KIO ညှိနှိုင်းရေးအဖွဲ့တို့ သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးညှိနှိုင်း ခဲ့သော်လည်းပဲ ငြိမ်းချမ်းရေး ကိစ္စဟာမအောင်မြင်ခဲ့သေးပါဘူး။မအောင်မြင်ရတဲ့ အကြောင်းရင်းမှာဆိုရင် ပြည်ပအဖွဲ့အစည်း တချို့က ထောက်ပံ့ကူညီမှုတွေ ရှိနေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် KIA, KIO တို့ဟာ

အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးကိစ္စကို အပြုသဘော မတုံ့ပြန်ဘဲနဲ့ နှောင့်နှေးနေခြင်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံဘဲ ပြည်နယ်ခွဲထွက်ရေးကိုဦးတည်နေတဲ့အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံဘူးဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူများအခန်း ပုဒ်မ ၆ မှာ ဖော်ပြထားတဲ့ တို့တာဝန်အရေးသုံးပါး ကိုလည်း လက်မခံနိုင်ခြင်းဘဲ ဖြစ်နေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူတွေခရစ်ယာန်အသင်းယဉ်ကျေးမှု စာပေအသင်းတွေကလည်း ငြိမ်းချမ်းရေးကို လိုလားကြကြောင်း၊နိုင်ငံတော်သမ္မတကြီးဆီစာရေးသားပေးပို့ကြပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ဒီလုပ်ရပ်တွေကို အမြန်ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးကြဖို့ ပြည်ထောင်စုအစိုးရက ပြည်နယ်အစိုးရကို ညွှန်ကြားထားပြီး ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချ မ်းရေးဆွေးနွေးဖို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အကြိမ်ကြိမ် ဖိတ်ခေါ်ဆွေးနွေးနေကြောင်း တိုင်းရင်းသားတွေဖြစ် လို့ စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်စောင့်စား နေကြောင်း၊ ဒီ KIA, KIO အပြင် ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်မှာရှိတဲ့အစိုးရကို ဆန့်ကျင်တဲ့ မည်သည့်လက်နက်ကိုင်အဖွဲ့မဆို ငြိမ်း ချမ်းရေးရယူလိုတဲ့ဆန္ဒရှိရင် သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့တွေနဲ့ အချိန်မရွေး ဆွေးနွေး နိုင်ကြောင်း မိန့်ကြားထားခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့အနေနဲ့ ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီလို ထုတ်ပြ န်ကြေညာခဲ့တာဟာလည်း ကျွန်တော်တို့ နိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသားတွေ၊ စည်းလုံးညီညွတ်ကြစေဖို့နဲ့ တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောစေဖို့ပဲ ဖြစ်ပါတယ် ။ အခုကျင်းပလျက်ရှိတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေးတွေမှာ ဆိုရင်လည်း တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီများ အသီးသီးဖွဲ့စည်းပြီးတော့ ငြိမ်းချမ်းရေးအတွက် အလေးအနက် ထားဖော်ဆောင်နေကြတာကို တွေ့မြင်နေရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဒုတိယအပိုင်းမှာတော့ တို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း တင်ပြထားပါတယ်။ ဒီအချက်ကတော့ ဆွေးနွေးကြတဲ့အခါမှာ အခြေခံရမယ့်မူဝါဒလို့ ကျွန်တော် နားလည်မိပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးမူဝါဒNational Policy ဟာ တို့တာဝန် အရေးသုံးပါး

ဖြစ်နေလို့ပါပဲ။ တို့တာဝန်အရေးသုံးပါးဆိုတာဟာ အားလုံးသိကြပြီးဖြစ်တဲ့ (၁) ပြည်ထောင်စု မပြိုကွဲရေး (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (၃) အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ သမိုင်းကြောင်းမှာလည်း တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုမရှိခဲ့တဲ့ အချိန်တွေတုန်းက သူ့ကျွန်ဖြစ်ခဲ့ရပြီး အခုခေတ်မှာ ခေတ်သစ်ကိုလိုနီ နယ်ချဲ့နည်းမျိုးစုံနဲ့ ဘက်ပေါင်းစုံ Multi Dimension ထိုးနှက်မှုတွေနဲ့ နယ်ချဲ့တွေဟာ သူ့ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အသုံးချခဲ့ကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မရှိမဖြစ် လိုအပ်ချက် ဖြစ်နေပါတယ်။ နောက်ထပ် သတိပြုရမယ့် အချက်တစ်ခုကတော့ ကျွန် တော်တို့နိုင်ငံရဲ့ Geopolitic လို့ခေါ်တဲ့ ပထဝီ နိုင်ငံရေးအခြေအနေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ (Strategic Position) မဟာဗျူဟာ အနေအထားမှာရှိပြီး ထူးထူးခြားခြား ကမ္ဘာ့လူဦးရေ အများဆုံးဖြစ်တဲ့ နိုင်ငံနှစ်ခုကြားမှာ ရှိနေတဲ့ အပြင် လူဦးရေ ပေါက်ကွဲလုမတတ် ဖြစ်နေတဲ့ နိုင်ငံတစ်ခုနဲ့ (Bend with the air) လေယူရာ ယိမ်းတဲ့ မူဝါဒနဲ့ Buffer Zone ကြားခံဇုန်ထားတတ်တဲ့ နိုင်ငံတို့နှင့် အိမ်နီးချင်းတွေဖြစ်နေတာ သတိပြုရမှာဖြစ်ပါတယ်။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံရေး အခြေအနေကို ကြည့်ရင်လည်း တိုင်းပြည်စည်းလုံးညီညွတ်မှုမရှိလို့ ပြိုကွဲခဲ့ရတဲ့ နိုင်ငံတွေ၊ လူမျိုးစု တစ်စုနဲ့ တစ်စု မျိုးတုံးလုမတတ် တိုက်ခိုက်သတ်ဖြတ်နေကြ တဲ့ နိုင်ငံတွေကို media မျိုးစုံက တစ်ဆင့် တွေ့မြင်ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ထာဝရတည်တံ့ စေဖို့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးဟာ မရှိမဖြစ် အရေးကြီး နေတာတွေ့ရပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားတွေ သွေးစည်းညီညွတ်ကြဖို့ သမိုင်းက သက်သေ ခံနေသလို ပထ ဝီနိုင်ငံရေးကလည်း သက်သေ ပြနေတာမို့ စည်းလုံးညီညွတ် ရေး ဟာလည်း အရေးကြီးတဲ့အခြေအနေဖြစ်ပါတယ်။ ဒီအတွက်ကြောင့် တို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းကြဖို့ ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ‸ အဆိုရှင်တင်ပြခဲ့တဲ့ နိုင်ငံတော်အစိုးရ အနေနဲ့ ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ် ရပ်ရေးအတွက် တွေ့ ဆုံဆွေးနွေးပြီး ဆောင်ရွက် နိုင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် တို့တာ ဝန် အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက် သင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေးရပ်နားခြင်းနှင့် ၁၂ ရက်မြောက် နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်ရှိတဲ့ ဆွေးနွေးမယ့် ပုဂ္ဂိုလ်တွေကို မနက်ဖြန်အစီအစဉ်မှာ ထည့်သွင်းပေးပါမယ်။ ယခု အမျိုးသား လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှ တ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစည်းအ ဝေးကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅ း၄၅။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]